
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၀၄၁၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၀၃၀၀၉၁၁ |
| ထုတ်ဝေသူ | - | ဦးဝင်းသူရလွင်<br>(အိပ်မက်အသစ်စာပေ)<br>၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊<br>တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးဇော်မြင့်ဝင်း<br>(ကာလာဇုန်ပုံနှိပ်တိုက်)<br>၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)<br>ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - | Antt Bwere Zin |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်<br>စက်တင်ဘာလ၊ ၂၀၁၁ ခုနှစ်၊ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

၈၉၅ . ၈၃

သတိုးဝေဇ

ဆက်မမက်ရဲတဲ့ အိပ်မက်ဟောင်း။ သတိုးဝေဇ ။ - ရန်ကုန်၊ အိပ်မက်အသစ် ၊ ၂၀၁၁။

၁၄၂- စာ၊ ၁၂ × ၁၈ . ၅ စင်တီမီတာ။

(၁) ဆက်မမက်ရဲတဲ့ အိပ်မက်ဟောင်း


www.burmeseclassic.com

www.burmeseclassic.com

**အိပ်မက်အသစ် မှ ထွက်ရှိပြီး စာအုပ်များ**

| | | |
|---|---|---|
| ၁၈။ | တစ်ဝက်တစ်ပျက်ည | မင်းနိုက်စိုးစန်၊ L မင်းပြည့်မွန် |
| ၁၉။ | ငှက်ရိုးတွန်မြို | သတိုးစော |
| ၂၀။ | စောင့်နေသူ | သတိုးစော |
| ၂၁။ | ညညှို့နက်သန်းခေါင်ရွှေတစ်ကောင် | သတိုးစော |
| ၂၂။ | ဗွီလမ်းခြွင်းခရီးသည် | သတိုးစော |
| ၂၃။ | အပြာရောင်မှတ်ညာဏ်အပိုင်းအစများ | ဝေမှူးသွင် |
| ၂၄။ | ချစ်သူ့ရွာ | လူမေ့ |
| ၂၅။ | ညည်းတွားရှိုက်တဲ့ ဂုသံ | သတိုးစော |
| ၂၆။ | ဦးမှုင်ကြီး | ဒီဇွဲကျော်စွာ |
| ၂၇။ | ပန်းခင်စား | ဝေမှူးသွင် |
| ၂၈။ | စေတရယ် | လူမေ့ |
| ၂၉။ | ထဝေလေးအဝေး Essay | မင်းနိုက်စိုးစန် |
| ၃၀။ | ထိန့မှာပြည်သို့ အလည်ရောက်သူ | ဒီဇွဲကျော်စွာ |
| ၃၁။ | ဘာဆိုလာမဲ | လူမေ့ |
| ၃၂။ | ခေါင်းညိမ့်မပြောတဲ့ အမိုဝ်ကလေး | ဝေမှူးသွင် |
| ၃၃။ | လိပ်ပြာခွဲတဲ့ည | ဒဿကျော်စွာ |
| ၃၄။ | စေညှော်ရောက်ကြရွာဆိုး | သတိုးစော |
| ၃၅။ | 25 | လူမေ့ |
| ၃၆။ | မီးရွာချက်ရည် | ဆေဝလကျို |
| ၃၇။ | နှင်းသီရောင်ဖုန်တိုင်း | ဝေမှူးသွင် |
| ၃၈။ | အထင်အမှောင်ကကြီး | ဝေမှူးသွင် |
| ၃၉။ | ရိုနီရိုလီ | လူမေ့ |
| ၄၀။ | ဆင်ဝင်စားတဲ့လူ | ဒတ္တကျော်စွာ |
| ၄၁။ | ထရိုက်ညာဓေါ်သံ | ဒဿကျော်စွာ |
| ၄၂။ | လွှေ့နှုတ်ဆက်ရှင် | ဒတ္တကျော်စွာ |
| ၄၃။ | အရိုးမြှိန် | လူမေ့ |
| ၄၄။ | နတ်သမီးအဆောင် | လူမေ့ |
| ၄၅။ | ဝီဘတ်ကြရွာ | ဒဿကျော်စွာ |
| ၄၆။ | ဘူတာကြီး | လူမေ့ |
| ၄၇။ | သက်ရောက်သစ်ပင် | ဒဿကျော်စွာ |
| ၄၈။ | ရွယ်နီဆင်မိုး | သတိုးစော |
| ၄၉။ | နဂါးတွင်းခရီးသည် | ဒတ္တကျော်စွာ |
| ၅၀။ | တစ်ထောင်ဖျက်လုံရှင် | ဒဿကျော်စွာ |
| ၅၁။ | ပါဆယ် | လူမေ့ |
| ၅၂။ | ခေါင်း...ခေါင်း...ခြွေတစ်ချောင်း | သတိုးစော |
| ၅၃။ | မရှာတော့ဖို | ဒဿကျော်စွာ |
| ၅၄။ | သခုတ္တမ်း | ဒဿကျော်စွာ |
| ၅၅။ | မီးနေ့ရွာ | လူမေ့ |
| ၅၆။ | မြကာသီလီ ဖယ်တာတာ | ဒဿကျော်စွာ |
| ၅၇။ | သစ်ရည်စာအအောက်ဓန် | လူမေ့ |
| ၅၈။ | မြို့တော်ကြို | လူမေ့ |
| ၅၉။ | သန်းခေါင်ထဲညည်းသံ | ဒဿကျော်စွာ |
| ၆၀။ | ဘီသိုရီဟ | လူမေ့ |
| ၆၁။ | ဆွေနိဗ်တော်တော့က်တိုင် | ဒဿကျော်စွာ |
| ၆၂။ | တဘွာသိုလ် ၆ ခု | လူမေ့ |
| ၆၃။ | ၈၅/ညဲ ၂၆ နာရီတစ်း | လူမေ့ မြူးသူ |
| ၆၄။ | မြေကြွမ်း | ဒဿကျော်စွာ |
| ၆၅။ | *အတက်မောက်ရဲ့တဲ့ အိပ်မက်ဆောင်း* | *သတိုးစော* |

**ထုတ်ဝေရန်ရှိသည့်စာအုပ်များ**

| | | |
|---|---|---|
| ၆၆။ | ကျွန်နိုင်ဝိစွာ | ဒတ္တကျော်စွာ |
| ၆၇။ | ရည်းစားဟောင်းတွဲရစ်း | လူမေ့ |

www.burmeseclassic.com

www.burmeseclassic.com

# Eainmakathit presents

Eainmakathit

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

www.burmeseclassic.com

www.burmeseclassic.com

# သတိုးစာေစ

## ဆက်မမက်ရဲတဲ့ အိပ်မက်ဟောင်း

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

( သို့ မ ဟု တ် )

**တစ်ချိန်က အမှန်တကယ် ပြောစမှတ်တွင်ခဲ့သည့်**

**မြန်မာပြည်အထက်ပိုင်းက ကားလမ်းတစ်နေရာ**

"ကားက ပြင်လို့မပြီးသေးဘူးလား ဝိုင်းစက်"

သွယ်ဖြူစိုး၏ ညည်းညည်းညူညူ ပြောလိုက်သော စကားကြောင့် ဝိုင်းစက်ပါ စိတ်ဓာတ်ကျချင်သလို ဖြစ်သွားပြီး စိတ်ပျက်စွာ ပြန်ပြောလိုက်၏။

"အေးဟာ...ကြာမယ်ထင်တယ်"

နှစ်ယောက်စလုံး စိတ်ပျက်လက်ပျက်နဲ့ နီးရာကျောက်တုံးပေါ် ထိုင်ချလိုက်ကြသည်။ ဝိုင်းစက်တို့ ဘူမိဗေဒ လေ့လာရေး



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ စီးလာသည့် တီအီးကားကြီးက အမောဖောက်နေသည့် လူမမာကြီးတစ်ယောက်ပမာ တအိအိနှင့်တက်လာရင်း ပြင်ဦးလွင်နား အရောက်မှာ ပျက်သွားခြင်းဖြစ်သည်။ ကျောင်းသားတစ်ဦးက ကားပြင်နေသည့် ကားသမားတွေကို ကူညီလုပ်ကိုင်ပေးနေပြီ၊ ကျန်သည့်ကျောင်းသားတွေက ဝိုင်းစက်တို့လိုပင် စိတ်ပျက်လက်ပျက်နှင့် လမ်းဘေးတွင် ထိုင်နေကြသည်။

အအေးဓာတ်ကလည်း တောင်ပေါ်ဒေသ ဖြစ်တာကြောင့် တဖြည်းဖြည်းနဲ့ ချမ်းစိမ့်လာသည်။ ဝိုင်းစက် လက်မှနာရီကို ကြည့်လိုက်တော့ ၄ နာရီခွဲတော့မည်။

ဒီအတိုင်းဆို သူတို့ တည်းခိုမည့် သုံးတောင်ရွာကို ညဘက်ကျမှ ရောက်တော့မည်ဟု ဝိုင်းစက် တွေးလိုက်မိပြီး သက်ပြင်းသာ ချလိုက်မိသည်။

အတန်ကြာသည်အထိကို ကားက စက်နှိုးလို့ မရသေး။

ထိုစဉ်မှာပင်...

ကားသမားအချင်းချင်း ပြောဆိုသံကို ဝိုင်းစက် ကြားလိုက်ရ၏။

"ကားကလည်း ဒီနားကျမှ ပျက်ရတယ်လို့ကွာ"

"စားတယ်ကွာ...နတ်ကြီးတဲ့နေရာမှာမှ လာပျက်ရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



ကားသမားနှစ်ယောက်စလုံး တညည်းညည်း တညူညူနဲ့ ကားစက်ပြင်ကြသည်။ ထိုစဉ် ဘေးနားတွင် ကူညီလုပ်ပေးနေသည့် ကျောင်းသားတစ်ယောက်က ကားသမားကို လှမ်းမေးလိုက်၏။

"ဒီနားက နတ်ကြီးတယ်ဆိုတာ ဘာကိုပြောတာလဲဗျ"

ကားသမားတစ်ယောက်က စက်ပြင်နေရင်းမှ ထိုကျောင်းသားကို လှမ်းကြည့်လိုက်ပြီး...

"ဒီနားမှာ ကားပျက်ရင် သိပ်မကောင်းဘူးကောင်လေးရ။ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ သုံးလေးလလောက်ကမှ ဒီနားမှာ လူအယောက်လေးဆယ်လောက် ကားမှောက်သေထားတာ။ ညဘက် ဒီနားမှာ ကားပျက်ရင် ကားကို ထားခဲ့ပြီး လူတွေက ခပ်ဝေးဝေးမှာ သွားပြီးအိပ်ရတယ်။ နို့မို့ဆို သေထားတဲ့ လူတွေက အစိမ်းသေတွေဆိုတော့ သရဲ အရမ်းခြောက်လို့"

မေးမိလိုက်သည့် ကျောင်းသားပင် ထိုစကားကြောင့် ကြောက်ကြောက်လန့်လန့်ဖြစ်သွားပြီး ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့်...

အလကားသက်သက် အယူသည်းနေတာပါဟု ဝိုင်းစက် တွေးလိုက်မိပြီး သွယ်ဖြူစိုးကို ကြည့်လိုက်သည်။

သွယ်ဖြူစိုးက ပြင်ဦးလွင် တောင်တက်ကားလမ်းလေးကို ငေးစိုက်ကြည့်နေရင်းမှ ဝိုင်းစက်ဘက်သို့ လှည့်လိုက်ပြီး...

"ငါတို့သွားမယ့် ရွာလေးက လိုသေးလား မသိဘူးနော်"

"သိပ်မလိုတော့ဘူးလို့ ကားသမားတွေ ပြောတာပဲ။ ဒါပေမဲ့..."

ဝိုင်းစက် စကားမဆုံးလိုက်ခင်မှာပင် ကားစက်နှိုးသံကြီးက ကျယ်လောင်စွာထွက်လာသည်။ ကျောင်းသားအားလုံး ဝေးခနဲ အော်လိုက်ကြကာ ကားပေါ်သို့ အလုအယက် တိုးဝှေ့တက်လိုက်ကြ၏။

ည ခုနစ်နာရီခွဲ အချိန်လောက်တွင်တော့ တည်းခိုမည့် သုံးတောင်ရွာ မူလတန်းကျောင်းသို့ ရောက်ကြလေ၏။ ကားပေါ်မှ အထုပ်အပိုးတွေကို အလုအယက်ချကာ ဆရာများ နေရာချပေးနေသည့်ဆီသို့ ကျောပိုးအိတ်တွေနှင့် ဘူမိဗေဒ တိုင်းတာ ရှာဖွေရေးပစ္စည်းတို့ကို သွားထားကြလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

အဖြူရောင် မြူနှင်းငွေ့များ၏အောက်တွင် သုံးတောင်ရွာကလေးသည် ထုံးကျောက်တောင်တွေ၊ သစ်ပင်စိမ်းစိမ်းတွေကာရံဝိုင်းလျက် အေးချမ်းတိတ်ဆိတ်နေသည်။ ထိုရွာကလေးသည် ပြင်ဦးလွင်မြို့မှ မိုင် (၃၀)ခန့်သာ ကွာဝေးပြီး ရှမ်းပြည်နယ်မြောက်ပိုင်း နယ်အစပ်တွင် တည်ရှိကာ ရှမ်းတိုင်းရင်းသားအများစု နေထိုင်ကြသော ရွာကလေးတစ်ရွာပင်ဖြစ်၏။

ဘူမိဗေဒ လေ့လာရေးအဖွဲ့ တည်းခိုရာ မူလတန်းကျောင်းသည် တောင်ကုန်းလေးတစ်ခုအပေါ်တွင် တည်ဆောက်ထားသောကြောင့် သုံးတောင်ရွာကလေးကို အပေါ်စီးမှ မြင်နေရ၏။

ဝိုင်းစက်က ထိုကျောင်းပေါ်မှတစ်ဆင့် သုံးတောင်ရွာလေးကိုငေးကြည့်နေမိသည်။ မြူနှံ့သင်းနေသော လေနုအေးလေးတွေကသူ့မျက်နှာသို့ လာရောက်ထိမှန်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစက် လေးလံစွာ သက်ပြင်းကိုချလိုက်မိ၏။

မနေ့က အဖြစ်အပျက်တွေကို သူ ဘယ်လိုမှ စဉ်းစားမရ။

အတွေးတွေက ရှုပ်ထွေးနောက်ကျိနေသည်။

တစ်ယောက်ယောက်များ တမင်အကွက်ဆင်ပြီး နောက်လိုက်တာလဲ‌ား?။ ဟင့်အင်း...မဖြစ်နိုင်ဘူး။ ဒါ...ဘယ်လိုမှ အကွက်ဆင်နောက်လို့ရတဲ့ကိစ္စ မဟုတ်ဘူး။ အတွေးတွေကို သူ ချက်ချင်းပင် ငြင်းဆန်လိုက်သည်။

ဒါဆို...ဟို...ကင်မရာက တကယ်ပဲ...။

ထိုစဉ်မှာပင်...

သူ့နာမည်ကို ခေါ်လိုက်သော အသံကြောင့် အတွေးစပြတ်သွားသည်။ ဝိုင်းစက် အသံလာရာဘက်သို့ ကြည့်လိုက်၏။

သွယ်ဖြူစိုး...။ တံခါးဘောင်ကို ကိုင်လျက် အပေါက်ဝတွင် မတ်တတ်ရပ်နေသည်။ ကိုယ်ပေါ်မှာလည်း ရေဘူး၊ ကျောပိုးအိတ်ကို လွယ်ထားလျက်။

"ဝိုင်းစက်...ဘာတွေစဉ်းစားနေတာလဲ၊ ဒါနဲ့ နင် သက်ရော သက်သာသွားပြီလား"

သွယ်ဖြူစိုး၏ အူကြောင်ကြောင်စကားကြောင့် ဝိုင်းစက် အနည်းငယ် ဒေါပွသွားကာ...

"ငါက ဘာဖြစ်သွားလို့ သက်သာရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ...၊ ဟို...တစ်နေ့က ကိစ္စကြောင့် သွေးလေ ချောက်ချားသွားတယ် ထင်လို့ပါ။ အခု ငါက ဆရာဦးသိုက်မြင့် မှာလိုက်လို့ လာပြောတာ ...ဟ...။ အရင်တစ်ပတ်က လက်တွေ့လုပ်ထားတဲ့ **Field Assignment** တွေကို လာပြဖို့ မှာလိုက်တယ်။ ငါကတော့ ဆရာဦးမြင့်ဦးတို့ အဖွဲ့နဲ့ **Fossil** ရှာဖို့ သွားလိုက်ဦးမယ်"

သွယ်ဖြူစိုး၏စကားကြောင့် ဟိုတစ်နေ့က ထူးဆန်းသော အဖြစ်အပျက်များကို ဝိုင်းစက် အတွေးထဲတွင် တဖြည်းဖြည်း မြင်ယောင်လာလေတော့သည်။

တောလမ်းခရီး တစ်နေရာ၌ အိမ်ကြီးတစ်လုံးကို ရုတ်တရက် တွေ့လိုက်ရသောကြောင့် ထူးထူးဆန်းဆန်း ဖြစ်သွားပြီး ဝိုင်းစက်တို့ လူသိုက် မှင်တက်မိသလို ငေးကြည့်နေမိသည်။

အိမ်ကြီးက အိုမင်းဆွေးမြည့်နေပြီး တချို့နေရာတွင် လေဒဏ် မိုးဒဏ်ကြောင့် ပြိုကျပျက်စီးနေ၏။ ရေနံချေးရောင်ဖြင့် မည်းနက်နေပြီး ချုံနွယ်ပိတ်ပေါင်းများ၊ ခေါင်မိုးအုတ်ကြွပ်ပြားများပေါ်သို့ အုပ်မိုးတွယ်ကပ် ပေါက်နေသော သစ်ပင်၊ နွယ်ပင်များကြောင့် အိမ်ကြီးက အမှောင်ထဲတွင် ပုန်းကွယ်နေသယောင်ယောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ကြီး၏ အဝင်တံခါးမကြီးကလည်း ခပ်ဟဟ ပွင့်လျက် အနေအထားဖြင့် ပြုတ်ထွက်ကျနေသည်။ အိမ်ကြီး၏ ဘေးပတ်ဝန်းကျင် မြေပြင်တစ်ခုလုံးတွင်လည်း မြက်ပင်ရိုင်းတွေက အပြိုင်းပြိုင်း အရိုင်းရိုင်း ပေါက်နေကြ၏။

အိမ်ကြီး၏ ထူးဆန်းဖွယ်ရာ အနေအထားကြောင့် ဝိုင်းစက် စိတ်ဝင်တစား ကြည့်နေရာမှ တီးတိုးရေရွတ်မိလိုက်သည်။

"ဒါ…ကိုလိုနီခေတ်လောက်က အင်္ဂလိပ်လူမျိုး တစ်ယောက်ယောက်နေတဲ့အိမ် ဖြစ်မယ်ထင်တယ်"

အနောက်ဘက်တွင် ရပ်နေသော သွယ်ဖြူစိုးက ရှေ့သို့ ခြေလှမ်းအနည်းငယ်တိုးလာပြီး ပြန်ပြောလိုက်၏။

"အေး…ဖြစ်နိုင်တယ်။ မီးခိုးခေါင်းတိုင်တွေ၊ အုတ်ကြွပ်ပြားတွေနဲ့ဆိုတော့ မျက်နှာဖြူ အင်္ဂလိပ် တစ်ယောက်ယောက်နေတဲ့ ဗိုလ်တဲကြီးပဲဖြစ်ရမယ်"

အတူပါလာသော မိုးမြင့်နှင့် ဇော်အောင်ကပါ သွယ်ဖြူစိုး စကားကို ထောက်ခံသည့်ပုံစံဖြင့် ခေါင်းညိတ်လိုက်ကြသည်။

ဝိုင်းစက်က အားလုံးဘက်သို့ လှည့်ပြီး…

"ငါတို့ ဒီအိမ်ကြီးထဲကို ဝင်ကြည့်ကြရအောင်"

ထိုစကားကြောင့် သွယ်ဖြူစိုးနှင့် ဇော်အောင်က ဝိုင်းစက် မျက်နှာကို ဖျတ်ခနဲကြည့်ပြီး စိတ်ပါလက်ပါဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



"အေး...ကောင်းတယ်"

"ငါလည်း ဒီအိမ်ကြီးကို စတွေ့ကတည်းက ထူးဆန်းပါတယ်လို့ အောက်မေ့ပြီး ဝင်ကြည့်ချင်နေတာ"

သွယ်ဖြူစိုး ပြောနေသည်ကို ဘေးမှ မျက်မှောင်ကုတ်ပြီး နားထောင်နေသော မိုးမြင့်က ဝင်ပြောလိုက်၏။

"ဟာ...နင်တို့ကလည်း အထဲကို ဝင်ကြည့်တော့ရော ဘာအကျိုးရှိမှာမို့လဲ၊ ဖုန်တွေ သဲတွေ ပေတာပဲ အဖတ်တင်မယ်။ အလကား ကိုယ့်ဒုက္ခ ကိုယ်ရှာလို့"

"နင် မကြည့်ချင်ရင်နေခဲ့။ ငါတို့ကတော့ သွားကြည့်ရမှာပဲ။ လာ...ဝိုင်းစက် သွားရအောင်"

သွယ်ဖြူစိုးက ပြောပြောဆိုဆိုနှင့် ဝိုင်းစက်လက်ကိုဆွဲကာ အိမ်ကြီးဆီသို့ ခြေလှမ်း လှမ်းလိုက်လေသည်။

ဇော်အောင်ကလည်း နောက်မှ လိုက်လာခဲ့၏။ မိုးမြင့်က အားလုံးကိုကြည့်ပြီး စိတ်ပျက်သွားဟန်ဖြင့် သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး ပါးစပ်ကလည်း ပွစိ ပွစိ ရေရွတ်ရင်း လိုက်လာလေတော့သည်။

ဗိုလ်တဲကြီးဆီသို့ လာရာလမ်းတစ်လျှောက်လုံး မြက်ပင်



www.burmeseclassic.com

www.burmeseclassic.com



ရိုင်းတွေက ထူထပ်စွာ ပေါက်နေကြသောကြောင့် ဝိုင်းစက် သတိကြီးစွာ တစ်လှမ်းချင်း နင်းလျှောက်နေရသည်။

ရင်ဘတ်ထဲမှ တဒိန်းဒိန်း နှလုံးခုန်နေသံကိုပင် ကျယ်လောင်စွာ ကြားနေရသည်။ အိမ်ကြီး၏ တံစက်မြိတ်နား အရောက်တွင်တော့ ဝိုင်းစက်က ရပ်လိုက်ပြီး အတွင်းဘက်သို့ ခပ်ဟာဟာပွင့်နေသော တံခါးကြားမှတစ်ဆင့် လှမ်းကြည့်လိုက်သည်။

ပင့်ကူအိမ်တွေ အပျက်အစီးတွေကြားမှပင် ဘောင်တွေ ပြုတ်ကာ ဆွေးမြည့်နေသော ပန်းချီကား တစ်ချပ် နှစ်ချပ်ကို တွေ့လိုက်ရ၏။

ထိုအခိုက်အတန့်အတွင်းမှာပင်...

အိမ်ကြီး၏ အပေါ်ဘက်မှ တဟင်းဟင်း ညည်းညူနေသံကြီးကို ကြားလိုက်ရလေ၏။

အသံက အဖျားတက်နေသည့် လူတစ်ယောက် ညည်းညူနေသံမျိုး။

ဝိုင်းစက် ရုတ်တရက် ကြားလိုက်ရသော ညည်းညူသံကြောင့် အထိတ်တလန့် ဖြစ်သွားပြီး အထစ်ထစ် အငေါ့ငေါ့ ရေရွတ်မိလိုက်သည်။

"ဘာ...သံ...ကြီး...လဲ...မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အထဲမှာ လူတစ်ယောက်ယောက်များ ရှိလား မသိဘူး"

ဟု သွယ်ဖြူစိုးက စိုးရိမ်တကြီး ပြောလိုက်ပြီး အနားရှိ ဇော်အောင်လက်ကို လှမ်းကိုင်လိုက်၏။

အားလုံး အိမ်ကြီးအပေါ်ထပ်သို့ ကြောက်ကြောက်ရွံ့ရွံ့ ပြန်မော့ကြည့်လိုက်မိစဉ်မှာပင်...

"ဝိုး..."

"ဝုန်း..."

"ဖလပ်...ဖလပ်...ဖလပ်"

အသံတွေက ဆက်တိုက်ဆိုသလို ထွက်ပေါ်လာပြီး ခို တစ်အုပ် ထပျံသွားသည်ကို တွေ့လိုက်ရသည်။

"အိမ်ကြီးတစ်အိမ်လုံးမှာ ခိုတွေချည်းပဲ နေနေ တာလား မသိဘူး"

မိုးမြင့်က ရေရွတ်ရင်း ဝိုင်းစက်တို့ အနားသို့ ရောက်လာ၏။ လက်ထဲမှာလည်း ခဲလုံးတွေကို ကိုင်ထားသည်။

သွယ်ဖြူစိုးက ရှက်သွားသည့်ဟန်ဖြင့်...

"ခုနက ခိုညည်းသံပါ။ ဟဲ...ဟဲ"

ဝိုင်းစက်ပါ သွယ်ဖြူစိုးစကားကြောင့် မျက်နှာအနည်းငယ် ပင် နီမြန်းသွားပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အေး...ဟာ...ငါတို့က အလကားသက်သက် စိတ်အားငယ်ပြီး ကြောက်နေကြတာ။ လာ...မြန်မြန် အိမ်ထဲဝင်ကြည့်ရအောင်"

"ငါတော့ မလိုက်တော့ဘူး၊ အပြင်ကနေ ခိုတွေကို ခဲနဲ့လိုက်ပစ်ရတာ လက်တွေ့နေပြီ"

မိုးမြင့်က ပြောပြောဆိုဆိုနှင့် ဗိုလ်တဲကြီး၏ ဘေးဘက်သို့ လျှောက်သွား၏။

ဝိုင်းစက်၊ ဇော်အောင်နှင့် သွယ်ဖြူစိုးတို့ သုံးယောက်သား ပွင့်နေသော တံခါးမကြီးကြားမှတစ်ဆင့် အိမ်ကြီးအတွင်းဘက်သို့ တိုးဝင်လိုက်သည်။ အိမ်ကြီး၏ အတွင်းဘက်တွင်တော့ လူမနေသည်မှာ နှစ်ကာလ ကြာမြင့်ပြီဖြစ်၍ ပရိဘောဂ အကုန်လုံးနီးပါး ယိုင်နဲ့ ပျက်စီးနေကြပြီ။

ဖုန်များ၊ ပင့်ကူအိမ်များကလည်း အိမ်ကြီး၏ အောက်ထပ်တစ်ခုလုံးကို အရှုပ်ရှုပ် အထွေးထွေး ဖြစ်နေစေသည်။

ဝိုင်းစက် ပုံတူပန်းချီကားကြီး၏ အနားသို့ တိုးကပ်သွားပြီး ကြည့်လိုက်မိသည်။

ပန်းချီကားက အသက် (၄၀)ခန့် အင်္ဂလိပ်ကြီးတစ်ယောက်၏ပုံပင် ဖြစ်၏။ ပန်းချီကားထဲတွင် အင်္ဂလိပ်ကြီးက ကနုတ်ပန်းဖော်ထားသော ကျွန်းကုလားထိုင်ကြီး တစ်လုံးပေါ်တွင် ခြေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ချိတ် ထိုင်နေသည်။

ထိုပန်းချီကား၏ ထူးခြားချက်မှာ အင်္ဂလိပ်ကြီး၏ မျက်လုံးတွေက နီရဲတောက်ပနေပြီး သက်ရှိလူတစ်ယောက်ပမာ အပြင်ဘက်သို့ စူးစိုက်ကြည့်နေခြင်းပင်ဖြစ်သည်။

ဝိုင်းစက်က ထိုမျက်လုံးအစုံကို ကြည့်ပြီး ကျောချမ်းချင်သလိုဖြစ်လာသည်။ ထိုအချိန်မှာပင် နောက်ဘက်မှ သွယ်ဖြူစိုး၏ အသံကို ကြားလိုက်ရ၏။

"ဟဲ့...ဝိုင်းစက်၊ ဒီမှာကြည့်စမ်း"

ဝိုင်းစက်က သွယ်ဖြူစိုးခေါ်ရာသို့ အမြန်သွားကြည့်လိုက်သည်။

ကျွန်းစားပွဲအဟောင်းကြီးတစ်လုံးပေါ်တွင် ကြောင်ရုပ်လေးတစ်ရုပ်၊ ပြီးနောက် ကင်မရာတစ်လုံး။

ဝိုင်းစက်က ကင်မရာကို ဆတ်ခနဲဆွဲယူလိုက်ပြီး လှည့်ပတ်ကြည့်ကာ ဝမ်းသာအားရ ပြောလိုက်၏။

"ဓာတ်ပုံရိုက်တဲ့ ကင်မရာဟ...ကောင်းသေးလား မသိဘူး"

"အေး...ကောင်းတော့ ကောင်းမယ့်ပုံပဲ။ အရင်ဒီဗိုလ်တဲကြီးမှာ နေခဲ့တဲ့ အင်္ဂလိပ်ကြီးရဲ့ ကင်မရာဖြစ်မယ်။ ဟင်...ပြီးတော့ ကင်မရာမှာ Polarized



www.burmeseclassic.com

www.burmeseclassic.com



Tech လို့ ရေးထားတော့ ဓာတ်ပုံက ချက်ချင်းထွက်မယ် ထင်တယ်”

ဇော်အောင်က အပေါ်ထပ်သို့တက်သည့် လှေကားကို ကြည့်နေရင်းမှ ကင်မရာဆိုသော အသံကြောင့် ဝိုင်းစက်တို့ အနားသို့ ရောက်လာပြီး ကင်မရာကို အံ့သြတကြီး ကြည့်လိုက်ပြီး…

“ကောင်း မကောင်း သိချင်ရင် ငါ့ကို စမ်းရိုက်ကြည့်လေ”

ဝိုင်းစက်ရော သွယ်ဖြူစိုးပါ ဇော်အောင်စကားကြောင့် ကင်မရာကို စမ်းကြည့်ချင်စိတ် ဖြစ်သွားပြီး ခေါင်းညိတ်ပြလိုက်၏။

ဇော်အောင်က ဓာတ်ပုံရိုက်ရမည်ဆို၍ ချက်ချင်း မျက်နှာက ပြုံးသွားပြီး လှေကားအနားသို့ ပြေးသွားလိုက်ကာ ရယ်ရယ်မောမော ပြောလိုက်၏။

“ဒါ… မန်ယူအသင်းက စီရော်နယ်ဒိုရဲ့ အိုက်တင်လေ”

ဇော်အောင်၏စကားကြောင့် ဝိုင်းစက်နှင့် သွယ်ဖြူစိုးတို့ နှစ်ယောက်စလုံး ပြုံးမိသွားကြပြီး ဝိုင်းစက်က…

“ကဲ…ကဲ… ဇော်အောင် ပြုံးပြုံးလေးနေ ဟုတ်ပြီ…ရိုက်ပြီ…”



www.burmeseclassic.com

www.burmeseclassic.com



"ပလပ်"

ကင်မရာမီးက ဖွေးခနဲ ပွင့်သွားပြီး တစ်ပြိုင်တည်းလိုလို မှာပင် ကင်မရာအတွင်းပိုင်းမှ တစီစီမြည်သံကို ကြားလိုက်ရသည်။

ဝိုင်းစက်က ကင်မရာကို သေသေချာချာ ကြည့်နေတုန်းမှာပင် ဓာတ်ပုံက တအိအိနဲ့ ထွက်လာလေတော့သည်။

"ဟေး...ကင်မရာက ကောင်းတယ်ကွ။ ဒီမှာ လာကြည့်...ဓာတ်ပုံထွက်လာပြီ"

ဝိုင်းစက်၏ ဝမ်းသာအားရ အော်လိုက်သံကြောင့် ဇော်အောင် ပြေးလာ၏။ ထိုအချိန်မှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုကြောင့် အားလုံး မျက်လုံးတွေ ပြူးကျယ်သွားလေတော့သည်။

"မိုး"

"ဒုတ်"

"အား"

ထိုအသံတွေနှင့်အတူ ခေါင်မိုးပေါ်က အုတ်ကြွပ်ပြား တစ်ချပ်က ရုတ်တရက်ဆိုသလို ပြုတ်ကျလာပြီး ဇော်အောင် ခေါင်းပေါ်သို့ ကျသွားလေတော့သည်။

ဇော်အောင်မျက်နှာတစ်ခုလုံး ရုတ်ခြည်းဆိုသလို ခြောက်ရွံ့



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်သွားဟန် ပြောင်းသွားပြီး အထစ်ထစ် အငေါ့ငေါ့နှင့် အော်ဟာစ်နေတော့သည်။

"သွေးတွေ...သွေးတွေ..."

ခေါင်းပေါ်မှ သွေးတွေကလည်း နဖူးမှတစ်ဆင့် မျက်နှာပေါ်သို့ပင် စီးကျနေသည်။

ထိုအချိန်မှာပင် ဗိုလ်တဲကြီးထဲသို့ မိုးမြင့် ပြေးဝင်လာပြီး အလန့်တကြား ပြောလိုက်၏။

"ဆောရီး...ဆောရီး...ဇော်အောင်၊ ငါ ခေါင်းမိုးပေါ်က ခိုတွေကို ခဲနဲ့လှမ်းပစ်လိုက်တာ အုတ်ကြွပ်ပြားကို မှန်သွားပြီး မင်းခေါင်းပေါ်ကို ပြုတ်ကျလာတာထင်တယ်"

မိုးမြင့်က မျက်နှာငယ်ဖြင့် ဇော်အောင်အနားသို့ တိုးကပ်သွားပြီး နဖူးပေါ်သို့ စီးကျနေသော သွေးတွေကို ကူသုတ်ပေးလိုက်သည်။

ထိုစဉ်မှာပင် လက်ထဲမှ ဓာတ်ပုံကို သတိရသွားပြီး ဝိုင်းစက်ကြည့်လိုက်၏။ မြင်လိုက်ရသော ဓာတ်ပုံအတွင်းမှ ဇော်အောင်ပုံကြောင့် ဝိုင်းစက် ပါးစပ်အဟောင်းသားပင် ပွင့်ကျသွားလေတော့သည်။

ဓာတ်ပုံထဲတွင် ဇော်အောင်ခေါင်းတစ်ခုလုံး သွေးတွေ



www.burmeseclassic.com

www.burmeseclassic.com



စီးကျနေပြီး မျက်နှာတစ်ခုလုံးလည်း ကြောက်ရွံ့ထိတ်လန့်နေသည့်ပုံပင် ဖြစ်တော့၏။

"ဟင်..."

ဝိုင်းစက်က သူ့လက်ထဲမှ ဓာတ်ပုံကို ငုံ့ကြည့်ရင်း စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်နေသည်။

ဇော်အောင့်ကို ဓာတ်ပုံရိုက်စဉ်တုန်းက ထိုခိုက်ဒဏ်ရာရခြင်း မရှိသေး။ ပြုံးပြုံးကြီး ဓာတ်ပုံအရိုက်ခံခဲ့သော ဇော်အောင့် အမူအရာကို သူ သေသေချာချာ မှတ်မိနေသည်။

အဲသည်အမူအရာကိုပင် သူ အသေအချာ ချိန်ရွယ်ပြီး ဓာတ်ပုံခလုတ်နှိပ်လိုက်ခြင်း ဖြစ်၏။

"ဒါဖြင့်...ဘာဖြစ်လို့..."

ဝိုင်းစက်၏ အတွေးက မဆုံးခင်မှာပင် ရပ်တန့်သွား၏။

"ဓာတ်ပုံရိုက်ပြီးတဲ့နောက် နည်းနည်းကြာမှ ဇော်အောင် ခေါင်းပေါက်ပြီး သွေးတွေ စီးကျလာတာပဲ။ ဒါဆို ဘာဖြစ်လို့ စောစောကတည်းက ရိုက်ထားတဲ့ ဓာတ်ပုံမှာ ကြိုပြီးပေါ်နေရတာလဲ..."

အဲသည်အတွေးကို သူ ဆက်ပြီး မတွေးရဲတော့ပါ။

ဒီ...ကင်မရာသည်...

အနာဂတ်ကို ကြိုပြီး ပုံရိပ်ထင်စေနိုင်သော ကင်မရာများ



www.burmeseclassic.com

www.burmeseclassic.com



လား။

သွယ်ဖြူစိုးက ပြောပြီးပြီးချင်း ထွက်သွားဖို့ ဟန်ပြင်လိုက်၏။ ဝိုင်းစက်က ကပျာကယာပင်...

"ဟဲ့...ဟဲ့...နေဦး...နေဦး...သွယ်ဖြူစိုး၊ နင့်ကို ငါမေးစရာရှိလို့၊ နင် ဟိုကင်မရာကို ထားပစ်ခဲ့လား"

သွယ်ဖြူစိုးက ဝိုင်းစက်စကားကို မျက်လုံးပေကလပ် ပေကလပ်လုပ်ရင်း စဉ်းစားနေလိုက်ပြီး ခဏလောက်ကြာမှ...

"ဇော်အောင်က မယူခဲ့ဖို့ အကြောက်အကန် ပြောနေတာနဲ့ ဗိုလ်တဲထဲမှာပဲ ထားပစ်ခဲ့တယ်။ ငါတောင် အဲဒီဗိုလ်တဲထဲက ကြောင်ရုပ်လေးတစ်ရုပ် တွေ့တာနဲ့ ယူလာသေးတယ်။ ချစ်စရာလေး...ဟ။ နောက်မှပြတော့မယ် ဝိုင်းစက်ရာ။ ငါနောက်ကျနေလို့ သွားတော့မယ်...တာ့တာ..."

သွယ်ဖြူစိုးက ပြောပြောဆိုဆိုနှင့် လက်ကို ဝှေ့ယမ်းပြလိုက်ရင်း ပြေးထွက်သွား၏။ ဝိုင်းစက်က သွယ်ဖြူစိုး နောက်ကျောကိုသာ ငေးကြည့်ရင်း သက်ပြင်းချလိုက်ကာ ဆရာဦးသိုက်မြင့်ကို Field Assignment ပြဖို့သာ စဉ်းစားနေလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"ဝိုင်းစက်"

သူ့နာမည်ကို ခေါ်လိုက်သော အသံကြောင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။ ထိုအသံကြောင့် ရှေ့မှ ကျောင်းသား တွေကို ကွယ်ပြီး ခပ်ကိုင်းကိုင်း ထိုင်နေသော ခန္ဓာကိုယ်က ဆတ်ခနဲ ခေါင်းထောင်မိတော့မလို ဖြစ်သွား၏။

အသံက ခပ်ထန်ထန်၊ ခပ်တင်းတင်း။

သူ ပြန်မထူးဘဲ ငြိမ်နေလိုက်သည်။ နောက်တစ်ကြိမ် ထပ်မခေါ်ပါရစေနဲ့လို့သာ စိတ်ထဲက ဆုတောင်းလိုက်မိ၏။ ဆုတောင်းက မပြည့်လိုက်...။

"ဝိုင်းစက်...ရှိလား"

ဆရာဦးသိုက်မြင့် အသံက လိုတာထက် ပိုကျယ်သွားသည် ဟု ထင်မိသည်။ ဒီတစ်ကြိမ်တွင်တော့ ဝိုင်းစက် ငြိမ်ကုတ်မနေ နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ်...ဆရာ"

တိုးဖျော့လွန်းနေသော လေသံဖြင့် ပြန်ဖြေလိုက်ကာ ဝိုင်းစက် မတ်တတ်ထရပ်လိုက်၏။ ဆရာဦးသိုက်မြင့်က ဝိုင်းစက် မျက်နှာကို ခဏအကဲခတ်ကြည့်လိုက်ပြီး...

"မင်းရဲ့ **Field Assignment** က ဘာလို့ ဘူမိဗေဒနဲ့ မသက်ဆိုင်တဲ့ အကြောင်းအရာတွေ ဖြစ်နေရတာလဲ ဝိုင်းစက်။ လာရှင်းပြစမ်းပါဦး..."

သွားပြီ။ သူအကြောက်ဆုံးမေးခွန်းကိုပင် ဆရာဦးသိုက်မြင့်က တည့်တည့်ကြီး မေးချလိုက်၏။ ကျောင်းသားတွေ တစ်အုပ်ကြီးရှေ့မှာ ဒီအကြောင်းတွေကို သူပြန်မပြောပြချင်။ ပွဲမတိုးသည့်အကျင့်ဆိုးကြောင့်လားမသိ လူရှေ့သူရှေ့ဆို သူက ဘာလုပ်လုပ် ဘာကိုင်ကိုင် တလွဲတချော်ကြီးပင်ဖြစ်တတ်၏။ ပိုဆိုးတာက ဘူမိဗေဒလက်တွေ့ လာလုပ်သည်သာဆိုသည် ဘူမိဗေဒနှင့် မတ်သက်တာဆိုလို့ ကျောက်ဖြစ်ရုပ်ကြွင်း မပြောနှင့် ကျောက်တုံး တစ်တုံးတောင် ခုထိ သူမလေ့လာရသေးပေ။

လေးလံနေသော ခြေထောက်တွေကို ထမ်းပိုးရင်း ရှေ့သို့ ထွက်လာလိုက်ကာ ဆရာဦးသိုက်မြင့်ကို ပြောရန် အချက်အလက် တချို့ကို အမြန်ပင် စာစီထားလိုက်သည်။ လမ်းခုလတ်အရောက် တွင်တော့...



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"အား...!"

မည်သူ့ပယောဂကြောင့်မှန်းမသိ။ ဝိုင်းစက်ခန္ဓာကိုယ်က ဟန်ချက်ပျက်ကာ ဆရာဦးသိုက်မြင့်ရှေ့သို့ ဟပ်လျားထိုးမကျရုံ တစ်မယ် ငိုက်စိုက်စိုက်နှင့် ရောက်သွား၏။ အနောက်ဘက်မှ ရယ်သံတွေက ဓာတ်တိုက်ထားသလို တစ်ပြိုင်တည်း ထွက်လာ၏။ ရယ်သံတွေက သံသေးသံညှောင် ပေါင်းစုံနေ၏။ ထို ရယ်သံတွေက ဆရာဦးသိုက်မြင့်အသံကြားမှ ရပ်သွားသည်။

"ဟောကောင်...ချိုမြင့်ထွန်း မင်းက မင်းအနားက ဖြတ်သွားတဲ့လူဆိုရင် ဘာလို့ ခြေလိုက်ထိုးခံနေ တာလဲ"

ချိုမြင့်ထွန်းက ပြောင်စပ်စပ်မျက်နှာဖြင့်...

"ဝိုင်းစက်...ဖြစ်နေလို့...ဆရာ"

ချိုမြင့်ထွန်းက သူ့မျက်လုံးကို သူ ပြန်သဘောကျသွားပြီး ရယ်မောလိုက်၏။ သူ့ရယ်သံက တော်တော်လေး မခံချင်စရာ ကောင်းနေသည်။ ကာတွန်းစာအုပ်များထဲမှ ရယ်သံတွေကို အသံထွက် ဖတ်ပြနေသလိုပင် (ဥပမာ–သွပ်–သွပ်–သွပ်၊ ဖူးထွား ထွား ထွား)။ ချိုမြင့်ထွန်း၏ လှောင်ပြောင်သံဆန်နေသော ရယ်သံကြောင့် တခြားကျောင်းသားတွေပါ ရယ်ကုန်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ချိုမြင့်ထွန်းက သူ့ရဲ့ မချိုမချဉ်မျက်နှာဖြင့် ရန်ကုန်မှ စထွက်ကတည်းက မျက်နှာပြောင်လာတိုက်တာ ခုထိကို မရပ်သေး။ ဒါကြောင့် သူ့ရဲ့နာမည်ပြောင်က ချိုချဉ်ထွန်း ဖြစ်နေတာ ဖြစ်မည်။

ဆရာဦးသိုက်မြင့်က ပိန်ပိန်ပါးပါး၊ အရပ်ရှည်ရှည်နှင့် ထိပ်ပြောင်သည်။ အမြဲတမ်းလိုလို မျက်နှာက အလိုမကျဟန်ဖြင့် မှုန်ကုပ်နေတတ်သည်။ ထို့ကြောင့် ကျောင်းသားတွေက သူ့ကွယ်ရာတွင် သရဲသကြားလုံးစားခါစမျက်နှာဟု နောက်ပြောင်ကြ၏။ ဒါပေမဲ့ ကျောင်းစာနှင့် ပတ်သက်ရင်တော့ မည်သူ့ကိုမှ အလျှော့မပေးတတ်။

ယခုလည်း ချောင်းတစ်ချက်ဟန့်လိုက်ပြီး လေသံခပ်မာမာဖြင့် ဝိုင်းစက်ကို ပြောလိုက်၏။

"ကဲ...ဝိုင်းစက်၊ မင်း ဘာလို့ လက်တွေ့မဆင်းရတာလဲ၊ ပြောပြပါဦး..."

ဝိုင်းစက်က...

"ဒီလိုပါ...ဆရာ၊ အဖြစ်အပျက်အစက ကျွန်တော်တို့အဖွဲ့ Fossil ရှာဖို့ သုံးတောင်ရွာဘက်ကို အသွား လမ်းမှာ အင်္ဂလိပ်ခေတ်က ဆောက်ထားတဲ့ ဗိုလ်တဲအဟောင်းတစ်လုံးကို တွေ့ရာက စတာပါ



www.burmeseclassic.com

www.burmeseclassic.com



ဆရာ”

ချိုမြင့်ထွန်းက ကြားဖြတ်ဝင်ပြောလိုက်သည်။

“ဟ… အဲဒီဗိုလ်တဲက ဒီနယ်ဘက်မှာ သရဲ အရမ်းခြောက်လို့ နာမည်ကြီးပဲ”

“အဲဒီဗိုလ်တဲမှာပေါ့ ချိုချဉ်ထွန်း အမျိုးတွေ့နေတာ”

ဇော်ဝင်းမြင့်ဆိုသော ကျောင်းသားတစ်ယောက် ဝင်နှောက်လိုက်သောကြောင့် ကျောင်းသားတွေဆီမှ ရယ်သံတွေ ထွက်လာပြန်သည်။ ဆရာဦးသိုက်မြင့်က တိတ်တိတ်နေရန် လက်ထောင်ပြလိုက်ပြီး…

“ကဲ…ဆက်ပြောပါဦး”

ဝိုင်းစက် သက်ပြင်းချလိုက်ပြီး…

“ကျွန်တော်တို့လည်း အဲဒီဗိုလ်တဲကြီးကို တွေ့တော့ စိတ်ဝင်စားတာနဲ့ အထဲကို ဝင်သွားကြည့်လိုက်တော့ ဟို…ကင်မရာကို တွေ့ရတာပဲဆရာ”

“ဟင်…မင်းဟာကလဲ၊ ကင်မရာတွေ့တာ ဘာထူးဆန်းလို့လဲ။ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်တွေ သုံးမရလို့ လွှင့်ပစ်ထားခဲ့တဲ့ဟာ ဖြစ်မှာပေါ့”

ဆရာဦးသိုက်မြင့်၏ စိတ်ပျက်စွာပြောလိုက်သော စကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဝိုင်းစက် ပြုံးတုံးပျာတာဖြစ်သွားပြီး...

"မဟုတ်ဘူး...ဆရာ။ အဲဒီကင်မရာက ကြောက်စရာကောင်းတဲ့ ကင်မရာပါ။ ကိုင်ကိုင်လိုက်ချင်းကို မကောင်းတဲ့အငွေ့အသက်တစ်ခု လာရောက်ပူးကပ်လိုက်သလိုမျိုး ခံစားရတယ် ဆရာ"

ထိုစကားကြောင့် ကျောင်းသားအားလုံး ဟာသပြက်လုံးတစ်ခုကို ကြားလိုက်ရသလို ရယ်မောသွားကြ၏။ ဆရာဦးသိုက်မြင့်ပင် အနည်းငယ် ပြုံးသွားသည်။

ချိုမြင့်ထွန်း...

"ဘာလဲ...ဝိုင်းစက်၊ မင်းတွေ့ခဲ့တဲ့ ကင်မရာက တစ္ဆေ သရဲ ဝင်ပူးနေသည်လို့ ရေးထားလို့လား"

ချိုမြင့်ထွန်းက ပြောပြောပြီးချင်း သူ့ထုံးစံအတိုင်း ရယ်နေ၏။ ဝိုင်းစက်စိတ်ထဲမှာပင်...

"ရယ်ထားဦးပေါ့ ချိုမြင့်ထွန်းရာ၊ အခါအခွင့်ကြုံမှ မင်းကို တစ်ပုံလောက် ရိုက်ပေးဦးမယ်"

ဟု ကြုံးဝါးလိုက်သည်။ ဝိုင်းစက်က ဒေါသထွက်ထွက်နှင့်...

"အဲဒီကင်မရာနဲ့ ဓာတ်ပုံအရိုက်ခံရတဲ့လူတိုင်း ထွက်လာတဲ့ပုံအတိုင်း မကောင်းတဲ့ ကံကြမ္မာဆိုး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို ကြုံရတော့တာပဲ ဆရာ”

ဝိုင်းစက်က ပြောလက်စ စကားကို ခဏရပ်ပြီး အားလုံးကို ဝေ့ကြည့်လိုက်သည်။ အားလုံးကလည်း ဝိုင်းစက်ကို လူထူးလူဆန်းကြီးတစ်ယောက်ကို တွေ့လိုက်ရသလိုမျိုး ပြန်ကြည့်နေကြ၏။

ဇော်ဝင်းမြင့်က မတရားကြောက်လန့်နေသည့်ပုံစံမျိုးဖြင့် ဆက်မပြောရန် အမူအရာဖြင့် ဝိုင်းစက်ကို ပြောင်ပြနေသည်။ ဇော်ဝင်းမြင့် ပုံစံက ကျောင်းသားအချင်းချင်းမို့ တခြားလူသာဆို ထထိုးမိမှာ။ ဝိုင်းစက်က သူတို့ကို မကြည့်တော့ဘဲ ဆရာဦးသိုက်မြင့်ဘက်သို့ လှည့်ကာ ပြောလိုက်၏။

“ကင်မရာက ချက်ချင်းရိုက် ချက်ချင်း ဓာတ်ပုံထွက်တဲ့ ကင်မရာအမျိုးအစားပါ။ ဒါနဲ့ ကင်မရာကောင်း မကောင်း စမ်းကြည့်ချင်တာနဲ့ အဖွဲ့ထဲမှာပါလာတဲ့ ဇော်အောင်ကို ရိုက်ကြည့်နေတုန်း ဗိုလ်တဲခေါင်မိုးပေါ်က အုတ်ချပ်တစ်ချပ်က ရုတ်တရက်ပြုတ်ကျလာပြီး ဇော်အောင့်ခေါင်းပေါ်ကို ကျသွားတယ်။ ဇော်အောင် ကြောက်ကြောက်လန့်လန့်နဲ့ အော်နေတဲ့ပုံ၊ ခေါင်းက သွေးတွေစီးကျလာပုံ အားလုံးကဓာတ်ပုံထဲကအတိုင်း အားလုံးတစ်ထပ်တည်းပဲ...



www.burmeseclassic.com

www.burmeseclassic.com



ဆရာ"

ဆရာဦးသိုက်မြင့်နှင့် ကျောင်းသားအားလုံးက ဇော်အောင့်ကို ရှာကြည့်လိုက်သည်။ ဇော်အောင့်ကို မတွေ့။ အရေးထဲ သက်သေ ထားမလို့ပါဆို ဒီကောင်က ဘယ်လျှောက်သွားနေမှန်း မသိဟု ဝိုင်းစက် စိတ်ထဲမှ ကျိန်ဆဲလိုက်သည်။ ဆရာဦးသိုက်မြင့်ကတော့ ဝိုင်းစက်ကို မကြည့်တော့ဘဲ တခြား Assignment တွေကိုသာ ကြည့်လိုက်ပြီး...

"ကင်မရာတစ်လုံးတွေ့တာ၊ ဇော်အောင် ခေါင်း ကွဲတာ၊ အဲဒါတွေနဲ့ မင်း Field မဆင်းဖြစ်တာ ဘာဆိုင်လို့လဲ"

ဆရာဦးသိုက်မြင့်အသံက ဘာကြောင့်မှန်းမသိ တင်းမာ ခက်ထန်နေသည်။ ဝိုင်းစက် ဦးသိုက်မြင့်ရှေ့သို့ ခြေနှစ်လှမ်းစာ လောက် တိုးသွားလိုက်ပြီး...

"ဆိုင်ပါတယ် ဆရာ၊ အားလုံးကလည်း တိုက် ဆိုင်မှုတစ်ခုလို့ပဲ ထင်ထားကြတာ။ ကျွန်တော့်ကို ဓာတ်ပုံရိုက်ပေးတဲ့ အခါကျမှ တုန်လှုပ်သွားကြတာ"

ဝိုင်းစက်စကားကြောင့် ဆရာဦးသိုက်မြင့် ခေါင်းမော့ကြည့် လိုက်၏။ ဝိုင်းစက်က ဆက်ပြောလိုက်သည်။

"ကျွန်တော့်ကို ဓာတ်ပုံရိုက်တော့ ဗိုလ်တကြီးကို



www.burmeseclassic.com

www.burmeseclassic.com



နောက်ခံထားပြီး ရိုက်ပေးကြတာ။ ဒါပေမဲ့ ဓာတ်ပုံ ထွက်လာတော့ ကျွန်တော့်ပုံက ပါမလာဘူး။ အနောက်က ဗိုလ်တဲကြီးပဲ ပါလာတယ်။ အားလုံးလည်း စဉ်းစားရ ခက်နေပြီး ကျွန်တော့်ကို ကြည့်လိုက်တော့ ကျွန်တော်က ဖျတ်ခနဲဆို ပျောက်သွားတော့တာပဲတဲ့။ ကျွန်တော့်ကို ရှာကြည့်ကြသေးတယ်၊ မတွေ့တဲ့အဆုံး တည်းနေတဲ့နေရာကို ပြန်လာတော့ ကျွန်တော်က ကျွန်တော့်အိပ်ရာပေါ်မှာ အိပ်ပျော်နေတာ တွေ့လိုက်ရတာပဲလို့ ကျွန်တော့်ကို ဓာတ်ပုံရိုက်ပေးကြတဲ့လူတွေက ပြောကြတာပဲ”

ဝိုင်းစက်စကားကြောင့် ချိုမြင့်ထွန်း တွေဝေသွားပြီး ခဏလောက်ကြာမှ ဝင်မေးလိုက်သည်။

“ဒါဆို မင်းက အဲဒီတုန်းက ဘယ်ရောက်သွားတာလဲ”

ထိုမေးခွန်းကိုပင် ဆရာဦးသိုက်မြင့်က မေးချင်နေဟန်ရှိသည်။ ဝိုင်းစက်ကို မေးငေါ့ပြလိုက်၏။ ဝိုင်းစက်က...

“ကျွန်တော်လည်း ဓာတ်ပုံ အရိုက်ခံတုန်းက Camera Flash မီးပွင့်လာတော့ မျက်စိမှိတ်လိုက်မိတာပဲ မှတ်မိတယ်။ နောက်...တခြားလူတွေ လာနှိုးမှ



www.burmeseclassic.com

www.burmeseclassic.com



မျက်စိဖွင့်လိုက်တော့ အိပ်ရာပေါ်မှာ ကျွန်တော် အိပ်ပျော်နေတာကို သိလိုက်ရတာပဲ။ အဲဒါနဲ့ပဲ ကျွန်တော် Field ဆင်းပြီး Fossil ရှာဖို့ ပျက်ကွက်သွားတာပါ ဆရာ"

ဝိုင်းစက် ရှင်းပြသံအဆုံးမှာတော့ ဆရာဦးသိုက်မြင့် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး ခေါင်းကို ခါယမ်းလိုက်ကာ...

"ဒီမှာ...ဝိုင်းစက်၊ ငါတို့က carboniterous ဆိုတဲ့ ကမ္ဘာမြေလွှာသက်တမ်းတုန်းက ဖြစ်ပေါ်ခဲ့တဲ့ carboneous lime stone တွေကို လာရှာကြတာ။ ဒါကလည်း ငါတို့ အသိအမှတ်ပြုထားတဲ့ Geological Age ကို မှန်ကြောင်း သက်သေပြနိုင်ဖို့ပဲ။ မင်းရဲ့ ပေါ်ကြောင်ကြောင် ဇာတ်လမ်းတွေကို နားထောင်ဖို့ မဟုတ်ဘူး။ မင်းပြောခဲ့တဲ့ အကြောင်းအရာတွေကလည်း မင်းဘာသာမင်း မကြိုးစားချင်တာနဲ့ လျှောက်ပြောနေတဲ့ ဆင်ခြေတွေပဲ"

ဝိုင်းစက် ဆရာဦးသိုက်မြင့်စကားကြောင့် မျက်စိမျက်နှာပျက်သွားပြီး ငြင်းဆန်လိုက်၏။

"မဟုတ်ဘူး...မဟုတ်ဘူး ဆရာ။ ကျွန်တော်ပြောတာ အမှန်တွေပါ။ မယုံရင် ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူတူသွားခဲ့တဲ့ ကျောင်းသားတွေကို မေးကြည့်ပါ ဆရာ"

"မင်းနဲ့သွားခဲ့တဲ့လူတွေဆိုတော့ မင်းကို ဝိုင်းညာပေးကြမှာပေါ့ ဝိုင်းစက်"

ဝိုင်းစက် ရှင်းပြမလို့ ပါးစပ်ဟလိုက်ရုံရှိသေးသည် ဆရာဦးသိုက်မြင့်က လက်ကာပြလိုက်ပြီး ခပ်ပြတ်ပြတ်ပြောလိုက်၏။

"ငါတို့ရဲ့ လက်တွေ့လာလုပ်တဲ့ အဖွဲ့ထဲမှာ မကြိုးစားချင်တဲ့ လူတွေအတွက် နေရာမရှိဘူး။ ပြီးတော့ မင်းရဲ့ **Field Assignment** ကိုလည်း အသိအမှတ်မပြုနိုင်ဘူး။ ဒီတော့ မင်းအတွက် ရလဒ်ကတော့ **Grade F** ပဲ ဝိုင်းစက်"

ထိုစကားက ဝိုင်းစက်တစ်ကိုယ်လုံးကို မိုးကြိုးပစ်ချလိုက်သလို ထိတ်လန့်သွားစေသည်။ ဝိုင်းစက်မျက်နှာငယ်ဖြင့် ဆရာဦးသိုက်မြင့်ကို မော့ကြည့်လိုက်၏။ ဆရာဦးသိုက်မြင့်ကတော့ စားနေဆောင်ဘက်သို့ ထွက်သွားသည်။

ဝိုင်းစက် ဆရာဦးသိုက်မြင့်နောက်သို့ ပြေးလိုက်သွားလိုက်၏။ အနားအရောက်တွင်တော့...

"ဆရာ... ကျွန်တော့်ကို သက်သေပြခွင့်တော့ ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးသိုက်မြင့်က ခဏလောက်စဉ်းစားလိုက်ပြီး...
"မင်း...ဘယ်လိုသက်သေပြမလဲ ဝိုင်းစက်"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

ညနေစာစားချိန် ဖြစ်သောကြောင့် ထမင်းစားဆောင်ထဲတွင် ကျောင်းသားတွေ အသံဖြင့် ဆူညံနေသည်။ ထမင်းပန်းကန်ကို ကိုင်လျက် စားနေကျစားပွဲသို့ ဝိုင်းစက် လျှောက်လာလိုက်သည်။ မိုးမြင့်နှင့် ဇော်အောင်ကတော့ စားလို့တောင် ပြီးခါနီးနေပြီ။ ဝိုင်းစက် ဝင်ထိုင်လိုက်၏။

"ဝိုင်းစက်... နောက်ကျလှချည်လား"

မိုးမြင့်က စားနေရင်းမှ ပလုတ်ပလောင်းသံဖြင့် လှမ်းပြော လိုက်သည်။ ဝိုင်းစက်က ခေါင်းသာညိတ်ပြလိုက်၏။ ဇော်အောင် က...

"ဟေ့ကောင် မိုးမြင့် မင်းက ဘာလဲ၊ နေ့ဖို့ညစာ ချန်ထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်က ကြောင်အအဖြစ်သွားပြီး...

"ဘာပြောတာလဲ"

"ဘာပြောရမှာလဲ၊ နင့်ပါးက ထမင်းလုံးတွေ ဝေနေတာကို ပြောတာဟဲ့ အစားဘီလူး မိုးမြင့်ရဲ့"

သွယ်ဖြူစိုးက ဘယ်အချိန်က ပြန်ရောက်နေသလဲမသိ။ မိုးမြင့်ကို အသားလွတ် ဝင်ကောလိုက်ရင်း စားပွဲတွင် ဝင်ထိုင်၏။ မိုးမြင့်က သွယ်ဖြူစိုးကို မှောက်ကြည့်လိုက်ပြီး...

"ငါ့အစားဘီလူးမှန်း လူတိုင်းသိတယ်။ နင် ပြောစရာ မလိုပါဘူး...ဟဲ...ဟဲ"

"ဒါနဲ့ နင် ဒီနေ့ Fossil သွားရှာတာ နောက်ကျ လာချည်လား"

"အေးဟာ...ဆရာဦးမြင့်ဦးက ကျောက်တွေကို အရောင်ကအစ အသေးစိတ် လိုက်မှတ်ခိုင်းနေတာနဲ့ ကြာသွားတာ"

သွယ်ဖြူစိုးက ဦးထုပ်ချွတ်ကာ ယပ်ခတ်နေရင်း ဝိုင်းစက် ကြည့်ကာ ပြောလိုက်၏။

"ဟဲ့...ဝိုင်းစက်၊ ထမင်းမစားသေးဘဲ ဘာလုပ် နေတာလဲ"

"အေး...ဟုတ်တယ်။ ဝိုင်းစက် မင်းဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ"

သွယ်ဖြူစိုးစကားကို မိုးမြင့်က ဝင်ထောက်ခံလိုက်သည်။ ဝိုင်းစက်က မခိုးကို တွန့်ပြလိုက်ရင်း စိတ်လက်မအီမသာစွာနှင့် ပြောလိုက်၏။

"ဟိုး...ကောင်မရှာကြောင့် ငါ Field မဆင်းဖြစ်တာကို ငါ့ရဲ့ Field Assignment ကိုလည်း Fail လုပ်ပစ်လိုက်တယ်"

ဝိုင်းစက်စကားကြောင့် အားလုံး ထမင်းစားတာကို ရပ်လိုက်ပြီး ဝိုင်းစက်ကို စိတ်ဝင်တစား ကြည့်နေကြသည်။ ဝိုင်းစက်က...

"ငါက ဂုဏ်ထူးတန်းတက်ချင်လို့ ဒီလောက် အချိန်တွေ အကုန်ခံလာရတာ။ Assignment က Fail ဖြစ်သွားရင် ဘယ်လိုဆက်တက်လို့ရတော့မှာလဲ"

ဝိုင်းစက်စကားကို ဇော်အောင်က သူ့ခေါင်းမှ မလာစတာကို ခမ်းကြည့်ရင်း ပြန်ပြောလိုက်သည်။

"သူ ယုံ မယုံတော့ မသိဘူး၊ ငါတော့ ခေါင်း ခေါက်သွားတာပဲ"

သွယ်ဖြူစိုးက...



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ...ဟုတ်တာပဲ။ နင် သေသေချာချာ မရှင်းပြဘူးလား"

"ရှင်းပြတာပဲ။ ဆရာဦးသိုက်မြင့်ကမှ လက်မခံတာ။ အရေးထဲ ဟို...ချိုချဉ်ထွန်းနဲ့ ဇော်ဝင်းမြင့်ကလည်း ဝင်ရောက်နေသေးတယ်။ ဇော်အောင်ကလည်း သက်သေလုပ်ခိုင်းမလို့ပါဆို ရှာလို့ကို မတွေ့ဘူး"

"ဒါဆို နင်ဘယ်လိုလုပ်မလဲ ဝိုင်းစက်"

သွယ်ဖြူစိုး၏စကားကို ဝိုင်းစက်က ချက်ချင်း အဖြေမပေးသေးဘဲ ပြတင်းပေါက် အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ပြီးမှ သက်ပြင်းရှည်ကြီးချလိုက်ပြီး...

"ငါ...ဟိုကင်မရာကို သွားပြန်ယူပြီး မကောင်းဆိုးဝါးကင်မရာဆိုတာ ဆရာဦးသိုက်မြင့်ကို သက်သေပြရတော့မှာပေါ့"

အားလုံး ထိုစကားကြားကြားချင်း တုန်လှုပ်သွားကြပြီး ဇော်အောင်ကမူ...

"မလုပ်နဲ့...မလုပ်နဲ့၊ ငါတော့ ကြောက်တယ်"

"ဟုတ်တယ်...ဝိုင်းစက်။ တော်ကြာ ကင်မရာယူလို့ တစ်ယောက်ယောက်ကို ရိုက်မိနေမှ အကုန်ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကုန်မယ်"

သွယ်ဖြူစိုးကလည်း...

"ငါတို့အားလုံးက အိမ်နဲ့ခွဲပြီး ဒီမှာ ရည်ရွယ်ချက်မျိုးစုံနဲ့ Field ဆင်းနေကြတာ။ တော်ကြာတစ်ခုခုဖြစ်သွားရင် မကောင်းဘူး"

ဝိုင်းစက်က အားလုံးကို ကြည့်လိုက်ပြီး မတ်တတ်ရပ်လိုက်ကာ...

"ငါ ဆုံးဖြတ်ပြီးသွားပြီ၊ ငါနဲ့ ဘယ်သူ လိုက်မလဲ"

ဝိုင်းစက်စကားကို ဘယ်သူကမှ မတုံ့ပြန်၊ ဝိုင်းစက်က စိတ်မရှည်တော့ဘဲ...

"ကောင်းပြီလေ...ဒါဆို ငါတစ်ယောက်တည်းသွားမယ်"

ဝိုင်းစက်က ခပ်ပြတ်ပြတ်ပြောပြီး အလျှင်အမြန်ပင် ထွက်သွားလိုက်၏။ အားလုံး ဝိုင်းစက်ကို အလန့်တကြား မော့ကြည့်လိုက်မိလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

လပြည့်ရက် ဖြစ်သောကြောင့် လမ်းကို ရှင်းရှင်းလင်းလင်း ဖြစ်နေရသည်။ ငွေရည်ဆမ်းထားသော လရောင်ကြောင့် သစ်ပင်တွေအရိပ်က ရှည်ထွက်ဆန့်ကားနေကြပြီး ကြောက်စရာကောင်းနေ၏။ လေကလည်း တစ်ချက်ချက်သာ တိုက်ခတ်နေသည်။

ဝိုင်းစက်က တောင်စောင်းလမ်းလေးအတိုင်း ဆင်းလာခဲ့သည်။ ရင်ကလည်း တဒိတ်ဒိတ်နှင့် ခုန်နေသည်။ နှလုံးခုန်နေသံကပင် စိတ်လှုပ်ရှားလွန်းနေမှန်း သိသာစေသည်။

ငါ မသွားရင် ကောင်းမလား၊ တွေးလိုက်မိသည်။

ထိုအတွေးကပင် သူ့ခြေထောက်တွေကို လေးလံနှေးကွေးနေစေသည်။ ဘာဖြစ်မှန်းမသိ ရုတ်တရက်ဆိုသလို လှုမနေတဲ့ ဗိုလ်တဲကြီး၊ သရဲစီးနေတဲ့ ကင်မရာ၊ ထိုအကြောင်းတွေက သူ့ခေါင်းထဲတွင် ဖျတ်ခနဲ ပေါ်လာသည်။ ထိုစဉ်မှာပင် ရှေ့ဘက်မှ ခွေးသုံးကောင် ဆွဲဆွဲငင်ငင် အူလိုက်သံကို ကြားလိုက်ရ၏။


www.burmeseclassic.com

www.burmeseclassic.com



ကြက်သီးဖြန်းခနဲထသွားသည်။ ဘေးပတ်ဝန်းကျင် တစ်ခုလုံး ကလည်း ပိန်းပိတ်မှောင်နေသည်။

သူ့ခြေလှမ်း လေးငါးလှမ်းလောက် အရောက်မှာတော့...

ရုတ်တရက်ဆိုသလို...

ခြေသံတွေ ကြားသလို ခံစားမိ၏။

ဟင်...ငါ့နောက်ကို ဘယ်သူလိုက်လာတာလဲ။

ထိုအတွေးနှင့်အတူ နောက်ကို ချာခနဲလှည့်လိုက်၏။ မည်သည့် အရိပ်အယောင်မှ မတွေ့ရ။ မှောင်လွန်းနေလို့များလား?။ သူ သေချာအောင် ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ အမှန် တကယ်ကို ဘာမှမတွေ့ရ။ တောင်ကုန်းပေါ်မှ သူတည်းခိုရာ ရွာတန်းကျောင်းကိုသာ ပျပျလေးတွေ့ရသည်။

လေက ရုတ်တရက် တိုက်လိုက်သောကြောင့် သစ်ပင် သစ်ကိုင်း သစ်ခက်တွေ တရှဲရှဲနှင့် လှုပ်ယမ်းကုန်ကြ၏။ လရောင် က လမ်းပေါ်သို့ ပြာရီဖျော့တော့စွာပင် ကျနေသည်။

ငါ ထွက်လာတာ မှားများ မှားသွားပြီလား...ဟူသည့် အတွေးကို သူ ကြိမ်ဖန်များစွာ တွေးဖြစ်သည်။

အမှန် အမှား ဆိုသည်ကတော့ ဘယ်သူ အဆုံးအဖြတ် ပေးတဲ့ တန်ဖိုးလဲ။ ရှုပ်ထွေးသော မေးခွန်းများ၏ အဖြေကို ရှာမတွေ့။ သူ့ဦးနှောက်ကသာ နွမ်းနယ်လေးလလာ၏။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးတစ်ပင်၏ ခြေရင်းတွင် ထိုင်ချပြီး ကျောမှီလိုက်သည်။ လမ်းလျှောက်နေစဉ်တုန်းက မသိသာသော်လည်း နားလိုက်သည့်အခါတွင်မှ သူ့တစ်ကိုယ်လုံးသည် သူထင်မှတ်ထားသည်ထက် ပို၍ပင်ပန်းနေမှန်း သိသာလာ၏။

မျက်လုံးအစုံကို မှေးစင်းထားလိုက်ရာမှ မေ့ခနဲ အိပ်ပျော်သွား၏။ မည်မျှကြာသွားသည်မသိ၊ ဖျတ်ခနဲ လန့်နိုးလာတော့မှ 'မဖြစ်ဘူး၊ မဖြစ်ဘူး၊ အမြန်သွားမှပဲ။ သိပ်ညဥ့်နက်သွားရင် မကောင်းဘူး'ဟု သူ့ကိုယ်သူ သတိပေးရင်း သုတ်ခြေတင်ကာ ဆက်လျှောက်လာခဲ့၏။

သိပ်မကြာခင်မှာပင် ဗိုလ်တဲကြီးကို သစ်ပင်တွေကြားမှ ဘွားခနဲ တွေ့လိုက်ရသည်။ ရုတ်တရက် မကောင်းဆိုးဝါး အငွေ့အသက်တို့ ဖြုန်းခနဲ လွှမ်းခြုံသွားသလို ခံစားလိုက်ရပြီး အသက်ရှူကျပ်သွား၏။ မည်းမှောင်မှိုင်းညို့နေသော ဗိုလ်တဲကြီးကို လရောင်က မိစ္ဆာအငွေ့အသက်တွေ ပက်ဖျန်းနေသလိုမျိုး....

ငါဘာဖြစ်နေတာလဲ?

ငါဘာကိုတွေးကြောက်နေရတာလဲ?

ဝိုင်းစက် စိတ်ကိုတင်းလိုက်ပြီး ဗိုလ်တဲကြီး၏ ခြံစည်းရိုးနားသို့ တိုးကပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လရောင်အောက်တွင် ဗိုလ်တဲကြီးက မိန်းမကြီးတစ်ယောက် ဆောင့်ကြောင့်ထိုင်နေသည်နှင့်ပင် တူနေသည်။ ဗိုလ်တဲကြီး၏ ခြံစည်းရိုးမှ ချုံနွယ်ပိတ်ပေါင်းတွေကို လက်ဖြင့် တွန်းဖယ်လိုက်ရင်း ဗိုလ်တဲကြီးအတွင်းသို့ စတင်ခြေလှမ်းလေတော့သည်။

ထိုခြေလှမ်းတွေက သူ့ကို တစ်ချိန်ချိန်တွင် လူ့ဘဝထဲမှ ခေါ်ထုတ်သွားမည်ကိုသာ ဝိုင်းစက် ကြိုသိခဲ့ရင် . . .

ထိုစဉ်မှာပင် ခုနကလို အငွေ့အသက်မျိုးကြီးကို ခံစားရပြန်သည်။

ငါ ဘာလို့ ဒီအငွေ့အသက်ကြီးကို အကြိမ်ကြိမ်ခံစားနေရတာလဲ?။

ဝိုင်းစက် နဖူးပေါ်မှ ဇောချွေးတွေကို လက်ဖြင့်သပ်ချလိုက်သည်။

အလို...! ငါ့လက်တွေ ဘာလို့ တဆတ်ဆတ်တုန်နေရတာလဲ?။ ဝိုင်းစက် တွေးလက်စအတွေးကို အမြန်ပင် ရပ်လိုက်ပြီး ဆက်လျှောက်သွားလိုက်သည်။

ဗိုလ်တဲကြီး၏ အတွင်းဘက်ထဲတွင်တော့ ချောက်ချားစရာကောင်းလောက်အောင်ပင် မှောင်မိုက်တိတ်ဆိတ်နေသည်။ ဇော်အောင်နဲ့ မိုးမြင့်ကို ပါအောင်ခေါ်ခဲ့ရင် ကောင်းမှာ။ အားငယ်သွားတွေးလိုက်မိသည်။ ဝိုင်းစက် လက်ထဲမှ ဓာတ်မီးဖြင့် အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ လှောက်ကြည့်၏။ အကုန်လုံး ဖုန်တွေ ပင့်ကူမျှင်တွေနှင့်။ ဝိုင်းစက် တစ်လှမ်းချင်း လှမ်းသွားလိုက်၏။ တိတ်ဆိတ်ငြိမ်သက်လွန်းအားကြီးသောကြောင့် ကိုယ့်ခြေသံကိုပင် အကျယ်ကြီး ကြားနေရသည်။ သွယ်ဖြူစိုး ကင်မရာကို ဘယ်နားထားခဲ့တာလဲ?။ ဝိုင်းစက် ဘေးဘယ်ညာကို ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ မတွေ့…။

ငါ့အနောက်ဘက်မှာများလား?

ခန္ဓာကိုယ်ကို နောက်သို့လှည့်ပြီး ဓာတ်မီးဖြင့် ထိုးကြည့်လိုက်၏။

ထိုစဉ်မှာပင် ဝိုင်းစက်ခန္ဓာကိုယ်တစ်ခုလုံး လိပ်ပြာလွင့်မတတ် လူ့ပိရှားသွားကာ ထိကျသွားလေ၏။

အမှောင်ထဲမှာ ကြေးနီရောင်သမ်းနေသော မျက်နှာဖြင့် ထိုင်နေသော လူကြီးတစ်ယောက် မျက်လုံးတွေက နီရဲနေသည်။

အား…!!!

ဝိုင်းစက်၏ သွေးပျက်လုခမန်း အော်လိုက်သံက ဟိန်းထွက်သွား၏။ လွတ်ကျသွားသော ဓာတ်မီးကို ကယောင်ကတမ်းဖြင့် ကောက်လိုက်ပြီး အလျင်အမြန် ထိုးကြည့်လိုက်သည်။

ဓာတ်မီးအလင်းရောင်ဖြင့် ခုနက သူကြောက်သွားသော အရာကို ဝိုင်းစက် ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရာကား ပန်းချီကားတစ်ချပ်။ အနောက်တိုင်းသား တစ်ယောက်ကို ဆွဲထားသော ပုံတူပန်းချီကားတစ်ချပ်ပင် ဖြစ်လေတော့သည်။

ဝိုင်းစက်က ခုနက ကြောက်သွားသော အရှိန်ဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ ကပျာကယာပင် ကင်မရာကို သိုက်ရှာလိုက်သည်။ မတွေ့။ သွယ်ဖြူစိုးများ လွှောက်ပြောလိုက်သလား?။ သူ ဝေခွဲမရ ဖြစ်နေသည်။

ထိုအချိက်အတန့်မှာပင် ဗိုလ်တဲကြီး၏ တစ်နေရာဆီမှ အခုန်းဒုန်းနှင့် ခြေသံတွေကို ကြားလိုက်ရလေ၏။ ထိုအသံအတွက် သူ့နားထဲတွင် မိုးကြိုးပစ်တော့ထက်ပင် ဖိုကျယ်နေသည်ဟု ထင်ရသည်။

ဝိုင်းစက် ကြာရှည်တောင့်မခံနိုင်တော့။ အပြင်ဘက်သို့ အမြန်ပြေးထွက်လိုက်၏။ သို့ပေမယ့် ဗိုလ်တဲအပေါက်ဝနား အရောက်တွင် အေးစက်နေသော လက်တစ်စုံက ဝိုင်းစက်၏ နောက်ကိုယ်ကို လာရောက်ထိကိုင်လိုက်လေတော့သည်။

ဟင်.. ဘယ်သူလဲ?။

ဝိုင်းစက်ခန္ဓာကိုယ်တစ်ခုလုံး ကျင်စက်နဲ့တို့လိုက်သလို ဖြစ်သွား၍

"အား..."

www.burmeseclassic.com



ဟု အော်လိုက်ကာ အားကုန်ရုန်းထွက်ပြေးလိုက်၏။

သို့ပေမယ့် တုန်ယင်လှုပ်ခါနေသော သူ့ခန္ဓာကိုယ်က ဝေးဝေးသို့ပင် မရောက်လိုက်၊ ဗိုလ်တဲခြံစည်းရိုးနားမှာ လဲကျသွား၏။

ဝိုင်းစက် ကြောက်ကြောက်လန့်လန့်နဲ့ ကုန်းထဖို့ ကြိုးစားရင်း နောက်သို့ လှည့်ကြည့်လိုက်သည်။ သူမြင်တွေ့လိုက်ရသည်က...

သူ့ရှေ့တည့်တည့်တွင် ပိတ်ဆို့ကာဆီးထားသော ခြေထောက် တစ်စုံ...။

ခုနက တွေ့ခဲ့ရတဲ့ ပန်းချီကားထဲက လူကြီးလား?။

ဝိုင်းစက် ချောက်ချားနေသောစိတ်နှင့် ဖြည်းဖြည်းချင်း မော့ကြည့်လိုက်သည်။

ခြေထောက်...ခါး...ရင်ဘတ်...မျက်နှာနား အရောက်တွင် ဝိုင်းစက် နည်းနည်းအံ့အားသင့်သွားသည်။

အနက်ရောင် ရှမ်းအင်္ကျီ၊ ရှမ်းဘောင်းဘီကို ဝတ်ထားသော လူငယ်တစ်ယောက်က အပေါ်မှနေ၍ မိုးကြည့်နေသည်။ သိပ်မကြာခင်မှာပင် ထိုလူငယ်လေးဆီမှ အသံကို ကြားလိုက်ရ၏။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅ )

"ဟော့ကောင်...မပြေးနဲ့၊ မိပြီ"

ထိုလူငယ်၏ အော်သံကြောင့် ဝိုင်းစက် စဉ်းစားရခက်သွားသည်။

ဒီနယ်ဘက်ကလူတွေက နာမည်တွေကို ရှမ်းလိုခေါ်၍ ကျန်တာကို ဗမာလိုသာ ပြောတတ်ကြ၏။ ဝိုင်းစက်က သရဲတစ္ဆေမဟုတ်မှန်း သိသွားပြီး ကြောက်စိတ်ပြေသွားကာ မေးလိုက်၏။

"ဘာမိရမှာလဲ။ ငါ ဘာမှမလုပ်ထားဘူး"

ထိုလူငယ်က ဝိုင်းစက်စကားကြောင့် ရှေ့သို့တိုးလာကာ ဝိုင်းစက်မျက်နှာကို သေသေချာချာကြည့်လိုက်၏။ ဝိုင်းစက်က အသံမာမာဖြင့်...

"မင်းက ဘယ်သူလဲ"

"ငါ့နာမည်က စိုင်းပီး၊ ဒီမိုလ်တဲမှာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ဝိုင်းစက် တွေဝေသွားပြီး မေးလိုက်၏။

"ဒီဗိုလ်တဲကြီးက သရဲအရမ်းခြောက်လို့ စွန့်ပစ်ထားတဲ့အိမ်ကြီးဆို၊ ခုကျတော့ ဘယ်လိုဖြစ်..."

ဝိုင်းစက်စကားပင်မဆုံးလိုက် စိုင်းပီးက ရယ်ရယ်မောမောနှင့် ဝင်ပြောလိုက်သည်။

"သရဲခြောက်တယ်ဆိုတာ အလကား လူတွေ လျှောက်ပြောတာပါနော်။ ဒီဗိုလ်တဲကြီး ငါတို့ အဘိုးတွေ လက်ထက်ကတည်းက နေလာခဲ့တာလေ။ အခုကျမှ ငါ့အဖေက ပြန်ပြင်ချင်တယ်ဆိုတာနဲ့ မနေ့ကမှ အလုပ်သမားတွေရယ်၊ ငါ့အဖေရယ်၊ ငါရယ် လာနေကြတာ။ အစ်ကိုက ရွာထဲမှာ နေတာလေ"

ဝိုင်းစက်က စိုင်းပီးကို သေချာစွာကြည့်လိုက်သည်။ စိုင်းပီးက အသားဖြူဖြူ၊ မျက်လုံးမျက်ခုံးကောင်းသည်။ အသံနှင့်ရုပ်ကမြင်လိုက် ကြားလိုက်ရတာနဲ့ ရှမ်းလူမျိုးမှန်း သိသာစေ၏။ အသက်ကတော့ သူနဲ့ မတိမ်းမယိမ်းပင်။

"ငါ့နာမည်က ဝိုင်းစက်၊ ဒီမှာ ဘူမိဗေဒ Field လာဆင်းတာ တစ်ပတ်လောက်ရှိသွားပြီ။ ဟိုး...မှာ မြင်နေရတဲ့ မူလတန်းကျောင်းလေးမှာ တည်းနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းမိုးက ဝိုင်းစက်ကို နှစ်လိုဖွယ် ပြုံးပြလိုက်ပြီး လက်ကမ်း ပေးလိုက်၏။ ဝိုင်းစက်က အလိုက်တသိ ပြန်၍ လက်ဆွဲ နှုတ်ဆက်လိုက်သည်။

စိုင်းမိုးလက်တွေက အေးစက်လွန်းနေသည်။

ထိုအထိအတွေ့ကပင် ဝိုင်းစက်ကို ကျောချမ်းတစ်ချက် စိမ့်ခနဲဖြစ်သွားစေသည်။ ဝိုင်းစက် လက်ကို ဆတ်ခနဲ ပြန်ရုတ် ယူလိုက်ပြီး စိုင်းမိုးကို ကြည့်လိုက်၏။

စိုင်းမိုးမျက်လုံးတွေက ရီဝေအေးစက်နေသည်။ ဘာကြောင့် မှန်းမသိ ဝိုင်းစက် ထိုမျက်လုံးတွေကို ဆက်မကြည့်ရဲတော့ဘဲ ချက်နှာလွှဲလိုက်သည်။

ထိုစဉ်မှာပင် စိုင်းမိုးက

"မင်းက ဒီကို ဘာမယ်လိုလုပ် ရောက်လာတာလဲ"

ထိုမေးခွန်းကြောင့် ဝိုင်းစက် ထိတ်ခနဲဖြစ်သွားသည်။ စိတ် ထဲမှာလည်း ဒုက္ခပါပဲ၊ ငါ ဘာယ်လိုပြန်ပြောရမလဲ။ ဇာ်မရာ လာရှာတယ်လို့ပြောရင် ကောင်းပါ့မလားဟု တွေးလိုက်မိသည်။

ထိုအတွေးနှင့်အတူ ဝိုင်းစက် သက်ပြင်းရှည်ကြီး ချလိုက် ပြီး...

"လွန်ခဲ့တဲ့ နှစ်ရက်လောက်တုန်းက ငါတို့အဖွဲ့ Field ဆင်းဖို့အသွား မင်းတို့ ဗိုလ်တဲကြီးကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်ဝင်စားတာနဲ့ အထဲကို လှျောက်ကြည့်ကြတယ်။ အဲသည်အချိန်မှာပဲ မင်းတို့ ဗိုလ်တဲကြီးထဲမှာ ကင်မရာတစ်လုံးကို တွေ့ခဲ့ရတယ်။ အခု ငါ အဲသည် ကင်မရာကို သုံးစရာရှိလို့ ပြန်လာယူတာ"

ဝိုင်းစက်စကားကြောင့် စိုင်းပီး နားလည်ရခက်သွားပြီး ခေါင်းကို ကုတ်လိုက်၏။ ပြီးမှ...

"ကင်မရာ... ဟုတ်လား။ ဘာကင်မရာလဲ။ ပြီးတော့ ကင်မရာ လာယူတာကလည်း ညဘက်ကြီး လာယူရတယ်လို့ကွာ"

"ဟုတ်တယ်...စိုင်းပီး။ ငါ အရေးတကြီး လိုနေလို့။ ဘာဖြစ်လို့လဲဆိုတာကိုတော့ နောက်မှ ရှင်းပြတော့မယ်။ ငါ အဲဒီကင်မရာကို သုံးပြီးရင် မင်းကို ပြန်လာပေးမယ်လေ"

စိုင်းပီးက ဝိုင်းစက်စကားကို ခဏလောက် စဉ်းစားလိုက်ပြီး...

"ရောက်ရောက်ချင်းပဲ ငါ့အဖေက အိမ်ထဲမှာ အသုံးမလိုတော့တဲ့ ပစ္စည်းတွေကို လွှင့်ပစ်နေတာတော့ တွေ့တယ်။ အဲဒါ မင်းလိုချင်တဲ့ ကင်မရာ ပါသွားမသွားတော့ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစက် ထိုစကားကြောင့် မျက်လုံးပြူးကျယ်သွားကာ အလန့်တကြား ရေရွတ်လိုက်မိ၏။

"ဘယ်နား လွှင့်ပစ်လိုက်တာလဲ"

❋ ❋ ❋

ဝိုင်းစက်က ဆွေးမြည့်နံစော်နေသော အဝတ်အစုတ်တွေနှင့် စာအုပ်အပြဲတွေကို ဖယ်ရင်း ရှာကြည့်နေသည်။ သို့ပေမယ့် ကင်မရာကို မတွေ့။ ဝိုင်းစက် သံချေးတွေတက်နေပြီး တွန့်လိမ်ကောက်နေတဲ့ သံပိုက်လုံးတွေကို ဖယ်ရင်း ဆက်ရှာလိုက်သည်။

စိုင်းပီးကတော့ လမ်းတစ်ဖက်မှနေ၍...

"ဒီနားမှာပဲ အကုန်လုံးကို စုပုံလွှင့်ပစ်ထားတာ"

ဟု ဝိုင်းစက် ရှာနေရာနားသို့ လက်ညှိုးထိုးပြရင်း ပြောလိုက်၏။

ဝိုင်းစက်က ရေစိုနေသော လက်ဆွဲသေတ္တာ အညိုရောင်အိတ်အစုတ်ကြီးကို ထပ်ဖယ်လိုက်၏။ ထိုအချိန်မှာပင် စိုင်းပီးဆီမှ ဝမ်းသာအဲလဲ အော်လိုက်သံကို ကြားလိုက်ရ၏။

"ဟေး...ဒီမှာ...ဒီမှာ။ ဒါကိုပြောတာ မဟုတ်လား"

ဝိုင်းစက် စိုင်းပီးကို အမြန်ကြည့်လိုက်သည်။ စိုင်းပီးလက်ထဲမှာတော့ သူရှာနေသည့် ကင်မရာက အခန့်သား။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းပီးက ကင်မရာကို ဖင်ပြန်ခေါင်းပြန်ကြည့်ရင်း...

"ဒီကင်မရာက ခေတ်နောက်ကျနေပြီလို့ ပြောရမှာ ခပ်ခက်ခက်ပဲ။ ဓာတ်ပုံက ချက်ချင်းထွက်မယ့်ပုံပဲ"

ဟု ကင်မရာကိုယ်ထည်မှ ဓာတ်ပုံထွက်ရာ ပြောင်းလေး ကြည့်ပြီး ပြောလိုက်သည်။ ဝိုင်းစက်က စိုင်းပီးအနားသို့ တိုးလာ လိုက်ပြီး အဖြေပေးလိုက်မိသည်။

"ဟုတ်တယ်...အဲသည်ကင်မရာက ချက်ချင်း ဓာတ်ပုံထွက်တယ်။ ဒါပေမယ့်..."

ဝိုင်းစက် စကားကို ဆုံးအောင်ပင် မပြောနိုင်တော့ အကြောင်းမှာ...စိုင်းပီးက ကိုယ့်ကိုယ်ကိုယ် ဓာတ်ပုံရိုက် အတွက် ကင်မရာကို ချိန်တွယ်နေလိုက်သည်။ ဝိုင်းစက် အသေ တကြီး လှမ်းတားလိုက်၏။

"ဟေ့...ဟေ့...မလုပ်နဲ့။ အဲဒီကင်မရာက..."

ဝိုင်းစက် တားနေဆဲမှာပင် ကင်မရာမီးက...

"ပလပ်"

ဟုမြည်ပြီး ပွင့်သွားလေတော့၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

ဘုရား...ဘုရား...ဘာမှမဖြစ်ပါစေနဲ့ဟု ဆုတောင်းရင်း ဝိုင်းစက် အမြန်ပင် ခါတ်ပုံကို ခါတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ လက်ထဲမှ ဓာတ်ပုံက တုန်ခါနေသောကြောင့် သဲသဲကွဲကွဲမမြင်ရ။ ဝိုင်းစက် လက်ကို ငြိမ်အောင် ထိန်းလိုက်ရင်း သေသေချာချာ ကြည့်လိုက်၏။

ဓာတ်ပုံထဲတွင်တော့ စိုင်းပီးက ဓာတ်ပုံအရိုက်ခံသည့် ချက်နှာနှင့်ပင်။ ထိုမြင်ကွင်းကြောင့် ဝိုင်းစက် စဉ်းစားရ ခက်သွားသည်။

ဒီကင်မရာက ခုလိုတော့ ဘာအတိတ်ဆိုး နိမိတ်ဆိုးမှ မပြတော့တာလဲ။

ငါထင်ခဲ့တာအားလုံး စိတ်ကယောင်ချောက်ချား ဖြစ်နေခဲ့သလား?။

ဝိုင်းစက် ဝေခွဲရခက်စွာ ဓာတ်ပုံကို စိုက်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ စိုင်းပီးက ဝိုင်းစက်အသနားသို့ တိုးကပ်လာလိုက်ပြီး ခတ်ပုံကို ယူကြည့်လိုက်၏။ ပြီးနောက် ဝိုင်းစက်ပခုံးကို သိုင်းဖက်လိုက်ရင်း...

"ငါ့အဖေက ဒီကင်မရာကို သုံးမရလို့ဆိုပြီး လွှင့်ပစ်လိုက်တာဖြစ်မယ်။ အဲဒီတော့ ဒီလိုလုပ်ကွာ ဝိုင်းစက်။ မင်းသုံးပြီးသွားရင် ငါ့ကို ပြန်လာပေးလိုက်ပေါ့နော်..."

ဝိုင်းစက်က စိုင်းပီးကို ခေါင်းညိတ်ပြလိုက်၏။ ထိုနောက် စိုင်းပီးက ဝိုင်းစက်ကို နှုတ်ဆက်ကာ ဗိုလ်တဲအထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။ ဝိုင်းစက် မှိုင်းညို့နေသော ဗိုလ်တဲကြီးကို တစ်ချက်ကြည့်လိုက်မိသည်။ ထိုအခိုက်မှာပင် ဗိုလ်တဲကြီး အပေါ်ထပ် ပြတင်းပေါက်မှတစ်ဆင့် မီးအိမ်နှင့် လူကြီး တစ်ယောက်က ဝိုင်းစက်ကို ကြည့်နေလေ၏။

စိုင်းပီးအဖေ ဖြစ်မှာပါဟု တွေးလိုက်မိပြီး ဝိုင်းစက် ထွက်လာခဲ့သည်။

အပြန်လမ်းတစ်လျှောက်လုံး နှင်းတွေက ထူထပ်စွာကျနေသည်။ လက်ကိုပင် သဲကွဲစွာမတွေ့ရတော့။ ဝိုင်းစက်တစ်ကိုယ်လုံး နှင်းတွေဖြင့် ပေကျံနေသည်။

အပြန်လမ်းက ထင်ထားသည်ထက် ပိုပြီးကြမ်းတမ်းနေ၏



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးလည်း ညစ်ပတ်ကာ ကိုင်ရိုက်ထားသလို နာကျင်နေသည်။

'နည်းနည်းပါးပါး နွေးထွေးသွားအောင် ခဏလောက်တော့ နားဦးမှပဲ'ဟု တွေးရင်း သစ်ပင်ကြီးတစ်ပင်အောက်၌ ဝင်ခိုလိုက်သည်။ သူ့နားရွက်ဖျားတွေ၊ လက်ချောင်း လက်ဖဝါးတွေကို ဖွတ်သပ်ဆုပ်နယ်ရင်း တဖြည်းဖြည်း သက်သောင့်သက်သာရှိလာ၏။

ခဏနေတော့ အသက်ကို မှန်မှန်ရှူရင်း သူ အိပ်ပျော်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းစက် လန့်နိုးလာ၏။ ဘေးဘီဝဲယာကို ကြည့်လိုက်တော့...

ဟင်...ဒီသစ်ပင်ကြီးက အလာတုန်းက ငါဝင်နားရင်း ခဏတစ်ဖြုတ် အိပ်ခဲ့တဲ့သစ်ပင်ကြီးပဲ။ အခုလည်း ဒီသစ်ပင်ကြီးအောက်မှာပင် အိပ်ပျော်နေရာမှ နိုးလာခြင်းဖြစ်၏။ ဒါဆို အစောက အဖြစ်အပျက်တွေက တကယ်လား၊ အိပ်မက်လား။ ...င်မရာကတော့ သူ့လက်ထဲမှာ တကယ်ရှိနေ၏။

ဝိုင်းစက် စဉ်းစားမနေတော့ပါ။ တည်းခိုရာကျောင်းဆီသို့ ...ာ အပြေးတစ်ပိုင်း လျှောက်သွားလိုက်လေသည်။

ကျောင်းကိုပြန်ရောက်တော့ ငြိမ်သက်တိတ်ဆိတ်နေကြပြီ။ အားလုံး အိပ်နေကြပြီထင်တယ်။

ဝိုင်းစက် ကျောင်းပေါ်သို့ ခြေသံမကြားအောင် တက်သွားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အထဲကိုရောက်တော့ ဇော်အောင်နဲ့ မိုးမြင့်က မအိပ်သေးဘဲ ထိုင်နေကြသည်။ သူ့ကို စောင့်နေကြတာထင်သည်။

ဇော်အောင်နှင့် မိုးမြင့်က ဝိုင်းစက်ဝင်လာတာ တွေ့တော့ လှမ်းမေးလိုက်ကြသည်။

"ဝိုင်းစက်...ရခဲ့လား"

ဇော်အောင်က တခြားကျောင်းသားတွေ နိုးမှာစိုးလို့ထင် သည် လေသံတိုးတိုးဖြင့် မေးလိုက်၏။ ဝိုင်းစက်က ခေါင်းညိတ် ပြလိုက်ပြီး ကင်မရာကို ဂျာကင်ထဲမှ ထုတ်ပြလိုက်သည်။

ဇော်အောင်နှင့် မိုးမြင့်က ကင်မရာကိုတွေ့တော့ ချက်ချင်း မျက်နှာပျက်သွားပြီး မျက်နှာတွေကို လက်ဖြင့် အမြန်ကာလိုက် ကြ၏။

ဝိုင်းစက်က နှစ်ယောက်စလုံးကို ကြည့်ကာ ခပ်တိုးတိုး ရယ်လိုက်ပြီး...

"မကြောက်ပါနဲ့ကွာ၊ ဒီကင်မရာက ဘာမှ မဟုတ်ပါဘူး"

ဟု ပြောလိုက်ကာ ကင်မရာကို ခရီးဆောင်အိတ်ထဲသို့ ထည့်လိုက်၏။ စိတ်ထဲမှလည်း ဒီကောင်တွေ ကြောက်တာတတ် လိုက်ကြတာဟု တွေးမိသည်။

ထိုစဉ်မှာပင် မိုးမြင့်က ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်းစက်...ခုနက ဆရာဦးသိုက်မြင့် မင်းကို လာရှာသွားတယ်။ မင်းကို မတွေ့တာနဲ့ မနက်ဖြန် ဆရာဦးမြင့်ဦးတို့အဖွဲ့နဲ့ Field ဆင်းဖို့ ငါတို့ကို မှာသွားတယ်"

ဝိုင်းစက် ထိုစကားကြောင့် လှိုက်ခနဲပျော်သွားပြီး ဝမ်းသာအားရနှင့် ပြောလိုက်သည်။

"ဒါဆို ဆရာဦးသိုက်မြင့်က ငါ့ကို Field ဆင်းပြီး Assignment ပြန်တင်ခိုင်းမလို့ထင်တယ်"

"အေး...ဖြစ်ချင် ဖြစ်မှာပေါ့"

မိုးမြင့်က ပြန်ဖြေရင်း စောင်ကိုဆွဲယူ၍ အိပ်ဖို့ ထွက်သွားလေသည်။ ဝိုင်းစက် ရင်ထဲမှ အပူလုံးကြီး လျှောခနဲကျသွားပြီး နှုတ်မှလည်း...

"တော်သေးတာပေါ့...၊ ကင်မရာကလည်း သွားတာယူရတာ၊ အခုကျတော့ သူမဟုတ်သလိုပဲ"

ဟု တီးတိုး ရေရွတ်လိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

ကောင်းကင်မှ တိမ်တိုက်တွေသည် လေနှင့်အတူ ဦးတည်ရာ မရှိ မျောလွင့်ပါသွားကြပြီ။ သူလည်း တိမ်တိုက်တွေလို လွင့်စဉ်ပျောက်ကွယ်သွားဖို့ ဦးတည်ရာမရှိ လိုက်ပါမျောလွင့်လိုက်သည်။

သိပ်မကြာခင်မှာပင် ရင်ထဲ၌ အေးခနဲ ဖြစ်သွားပြီး ကောင်းကင်မှ မြေကြီးပေါ်သို့ သူ ဖွဖွလေး ပြန်ကျလာ၏။ နောက်...သူ့ခန္ဓာကိုယ်က ဝါဂွမ်းစလေးတစ်စလို လေတိုက်၍ ထပ်လွင့်သွားပြန်သည်။ အချိန်ဘယ်လောက်ကြာသွားသည်မသိ သူ့ကို တစ်စုံတစ်ယောက်က လှမ်းဆွဲလိုက်မှ ကိုယ်ရှိန်သတ်သွားသည်။

စိုင်းပီး...။

အေးစက်ရီဝေနေသော မျက်လုံးတွေဖြင့် သူ့ကို ကောင်းပန်တိုးလျှိုးပြီး ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေကလည်း တလှုပ်လှုပ် တရွရွ။
ဘာတွေပြောနေတာပါလိမ့်?။

သူ ဘာမှ သဲသဲကွဲကွဲ မကြားရ။ နားထဲတွင် လေတိုက်နေသကဲ့သို့ တဝေါဝေါသာ ကြားနေရသည်။

ထို့နောက်တွင်တော့ တဖြည်းဖြည်းနဲ့ စကားသံတွေက ပေါ်ပြင်လာသည်။

"မင်းနဲ့ ငါနဲ့မှာ မတူတာတစ်ခုရှိတယ် ဝိုင်းစက်။
မင်းက မင်းမွေးနေ့ကိုပဲ ပြန်ရေရွတ်လို့ရတာ။ ငါက
ငါ့ရဲ့ မွေးနေ့ကိုရော သေနေ့ကိုပါ ပြန်ရေရွတ်လို့
ရတယ်"

ဝိုင်းစက် အလန့်တကြား စိုင်းပီးကို လှမ်းကြည့်လိုက်တုန်း စိုင်းပီးက သူ့ခန္ဓာကိုယ်ပေါ်မှ ခြုံထားသော ဝတ်ရုံအနက်ကြီးကို ဝိုင်းစက်ပေါ်သို့ အုပ်မိုးချလိုက်လေတော့သည်။ သိစိတ်တွေ အားလုံး မည်းမှောင် ... သွားလေ၏။

❋ ❋ ❋

ဝိုင်းစက် ဆတ်ခနဲ အိပ်မက်မှ နိုးလာ၏။ စိတ်တစ်ခုလုံးသည်း မှိုင်းညို့နေသည်။ ဝိုင်းစက် ခေါင်းရင်းမှ ရေဘူးကို ယူလိုက်ပြီး ရေတစ်ခွက် သောက်လိုက်သည်။

ထိုနောက် ဝိုင်းစက် အိပ်ရာပေါ်သို့ ပြန်လှဲချလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ခုနက အိပ်မက်ကို ပြန်စဉ်းစားမိလိုက်သည်။ စိုင်းပီး...။

ဝိုင်းစက် အိပ်မက်ထဲမှ စိုင်းပီးပြောသွားသော စကားတွေကို စဉ်းစားကြည့်လိုက်သည်။

ရုတ်တရက် ဘယ်လိုမှ စဉ်းစားလို့မရ။

သက်ပြင်းသာချလိုက်ပြီး ပြန်အိပ်ဖို့ မျက်လုံးကို စုံမှိတ်လိုက်တော့၏။ ထိုအချိန်မှာပင် အာရုံထဲတွင် မဆီမဆိုင် ကင်မရာကို ကြည့်ချင်စိတ်က တဖွားဖွားပေါ်လာသည်။

ဝိုင်းစက် အိပ်ရာမှ နောက်တစ်ကြိမ် ပြန်ထလိုက်ပြီး ကျောပိုးအိတ်ကို လှမ်းယူလိုက်သည်။ ထို့နောက် ဇစ်ကို ဖြည်းဖြည်းချင်းဆွဲကာ ကင်မရာကို ထုတ်လိုက်၏။

အေးစိမ့်နေသော အထိအတွေ့က ကင်မရာကို ကိုင်လိုက်ချင်းမှာပင် ကျောရိုးတစ်လျှောက် စိမ့်တက်လာသည်။

ထိုတစ်ပြိုင်နက်တည်းမှာပင် ငိုသံလိုလို၊ အော်ညည်းသံလိုလို အသံတွေကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။

ထူးဆန်းသော အဖြစ်အပျက်ကြောင့် ဝိုင်းစက် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

တကယ်ပဲ ဒီကင်မရာက သရဲစီးနေတာလား?

ဝိုင်းစက် သိစိတ်အာရုံတွေကို စုစည်းလိုက်ပြီး ကင်မရာကို နား,နားသို့ တိုးကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ကင်မရာထဲမှ ချောက်ချားစရာ ငိုညည်းနေသံတွေကို ဝိုင်းစက် အတိုင်းသား ကြားလိုက်ရလေ၏။

ထိုအသံတွေကြောင့် ဝိုင်းစက် ကြက်သီးဖြန်းခနဲထသွားကာ ကင်မရာကို ကျောပိုးအိတ်ထဲသို့ အလျင်အမြန် ပြန်ထည့်လိုက်လေတော့သည်။

✻ ✻ ✻

နောက်နေ့မနက် အိပ်ရာနိုးတော့ ကိုးနာရီခွဲတော့မည်။ ဝိုင်းစက် ကပျာကယာပင် အိပ်ရာထဲမှ ထလိုက်ပြီး မျက်နှာသစ်ကာ Field ဆင်းဖို့ လိုအပ်တာတွေကို ပြင်ဆင်လိုက်၏။ ထိုစဉ်မှာပင် ကင်မရာယူသွားရင် ကောင်းမလားဟု တွေးလိုက်ပြီး ကင်မရာကို ကျောပိုးအိတ်ထဲသို့ ထည့်လိုက်၏။

နောက်များ နောက်ကျနေပြီလားမသိဟု စိတ်ပူစွာ တွေးလိုက်ပြီး ဆရာများနေရာဘက်သို့ သွက်သွက်လျှောက်လာခဲ့သည်။

ထိုနေရာကို ဝိုင်းစက် ရောက်သွားတော့ ဖော်ဝင်းမြင့်နှင့် ချိုမြင့်ထွန်းကိုပါ တွေ့ရသည်။ သူတို့နှစ်ယောက်က ဘာကို ရပ်စောင့်နေမှန်းမသိ ရပ်နေကြ၏။

ဖော်ဝင်းမြင့်က ဝိုင်းစက်ကို တွေ့သွားပြီး ချိုမြင့်ထွန်းကို ဘာတွေမှန်းမသိ ပြောလိုက်သည်။ သိပ်မကြာခင် နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံး မျက်နှာတွေက စပ်ဖြီးဖြီးဖြစ်သွားကြသည်။

ငါ့ကို ဟိုတစ်နေ့ကကိစ္စအတွက် ဒီကောင်တွေ ဘာနောက်မလို့လဲ မသိဘူးဟု ဝိုင်းစက် တွေးလိုက်မိသည်။ ဝိုင်းစက် အနားရောက်တော့ ဇော်ဝင်းမြင့်က...

"ဝိုင်းစက် နောက်ကျတယ်နော်။ ဘာလဲ သရဲစီးနေတဲ့ ကင်မရာနဲ့ အရိုက်ခံရလို့ အိပ်ပျော်သွားတာ ခုမှနိုးတယ်ပေါ့"

ဇော်ဝင်းမြင့်စကားကို ချိုမြင့်ထွန်းကပါ ဝင်ထောက်ခံလိုက်သည်။

"အေးကွာ...အဲဒီကင်မရာရှိရင် အိပ်ဆေးတောင် မလိုတော့ဘူး။ ရိုက်ပြီးတာနဲ့ တန်းအိပ်ပျော်သွားမှာ"

ထိုစကားကြောင့် ဝိုင်းစက် စိတ်ကသိကအောက် ဖြစ်သွားမိကာ ပြန်ပြောလိုက်သည်။

"ငါကလည်း မင်းတို့နှစ်ယောက်စလုံးကို ဘယ်တော့မှ ပြန်မနိုးအောင် ရိုက်ပေးလိုက်ချင်တာ"

ထိုစကားသာ တကယ်ဖြစ်ခဲ့မယ်မှန်း သိရင် ဝိုင်းစက် ပြောမိခဲ့မှာ မဟုတ်ချေ။ ဇော်ဝင်းမြင့်က ဝိုင်းစက်ကို ကြည့်ပြီး ရယ်လိုက်ကာ...

"ငါတို့ တစ်သက်လုံး အိပ်ပျော်သွားရင် မင်းညီမ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ...”

“ဇော်ဝင်းမြင့်နဲ့ ချို့မြင့်ထွန်း...”

ဇော်ဝင်းမြင့်ဆီမှ အယုတ္တ အနတ္တစကားတွေ ထွက်မလာခင်မှာ ဦးသိုက်မြင့်အသံကို ကြားလိုက်ရသည်။ ဇော်ဝင်းမြင့်တို့နှစ်ယောက်စလုံး ကပျာကယာပင် ပြန်ဖြေလိုက်သည်။

“ရှိပါတယ်...ဆရာ”

“ရှိပါတယ် လုပ်မနေနဲ့။ မင်းတို့ ငါနဲ့ Field ဆင်းရမယ်။ ခုချက်ချင်း လိုက်ခဲ့။ ပေကြိုးတွေဘာတွေ အစုံယူလာခဲ့ဦးနော်”

ဆရာဦးသိုက်မြင့်က ပြောလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ထွက်သွားလိုက်သည်။ ချို့မြင့်ထွန်းက ခေါင်းကို တဖျင်းဖျင်း ကုတ်ရင်း...

“ဒုက္ခပါပဲကွာ...ငါ့ပေကြိုးဘူးက ပျောက်နေတယ်”

ဟု စိတ်ပျက်လက်ပျက် ညည်းညူလိုက်သည်။ ခဏကြာမှ ချို့မြင့်ထွန်း အကြံရသွားပြီး...

“ဝိုင်းစက်...ငါ့ကို ပေကြိုးဘူး ခဏလောက် ငှားပါလား”

ဝိုင်းစက်က ချက်ချင်း ခေါင်းခါပြလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ငှားလို့မဖြစ်ဘူး။ ငါလည်း ဆရာဦးမြင့်ဦးတို့ အဖွဲ့နဲ့ Field သွားဆင်းရမှာ"

"မင်းကလည်းကွာ တခြားကျန်ခဲ့တဲ့ ကျောင်းသားတွေဆီက ငှားသွားလိုက်ပေါ့။ ငါ့ကို အခုခေါ် နေလို့ပါ။ မင်း ဆရာဦးသိုက်မြင့် အကြောင်းလည်း သိသားနဲ့"

ဟုတ်တော့ ဟုတ်ပါတယ်ဟု ဝိုင်းစက် တွေးလိုက်ပြီး ကျောပိုးအိတ်ထဲမှ ပေကြိုးဘူးကို ထုတ်လိုက်၏။ ထိုစဉ် ဇော်ဝင်းမြင့်က ဝိုင်းစက်ကျောပိုးအိတ်ထဲမှ ကင်မရာကို တွေ့သွားပြီး ဆတ်ခနဲ ဆွဲယူလိုက်လေ၏။ ပါးစပ်မှလည်း...

"ဝိုင်းစက်...ငါတို့ကို အမှတ်တရဖြစ်အောင် တစ်ပုံလောက် ရိုက်ပေးပါလား"

ဝိုင်းစက် စိတ်ရှုပ်ထွေးစွာဖြင့် ပြောလိုက်သည်။

"မလုပ်ပါနဲ့ကွာ...။ မင်းတို့ကို ဆရာဦးသိုက်မြင့် ခေါ်နေပြီပဲ။ တော်ကြာ နောက်ကျလို့ အဆူခံနေရဦး မယ်"

"လုပ်ပါ...သူငယ်ချင်းရာ"

ဟု ပြောလိုက်ပြီး ဇော်ဝင်းမြင့်က ကင်မရာကို ဝိုင်းစက် လက်ထဲသို့ အတင်းထိုးထည့်လိုက်ကာ ချိုမြင့်ထွန်းဘေးသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရပ်လိုက်လေ၏။

ဝိုင်းစက်က ဒီကင်မရာက သရဲစီးနေတဲ့ ကင်မရာ မဟုတ်ပါဘူး။ ရိုက်ပေးလိုက်ပါ့မယ်ဟု တွေးလိုက်ပြီး ခလုတ်ကို နှိပ်လိုက်လေတော့၏။

"မလပ်"

ဟု မြည်သွားပြီး ခဏကြာတော့ ဓာတ်ပုံက တအိအိနဲ့ ထွက်လာသည်။ ဝိုင်းစက်က ဓာတ်ပုံကို ဆွဲယူမလို့ ရှိသေးသည် ဇော်ဝင်းမြင့်က ဦးအောင်ဆွဲယူလိုက်ပြီး ပြေးထွက်သွားလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

အအေးပိုင်းဒေသ ဖြစ်သောကြောင့် မွန်းတည့်ချိန် ရောက်တာတောင် နေကို ရှင်းရှင်းလင်းလင်း မမြင်ရသေး။ သို့ပေမယ့် မြူနှင်းတွေကတော့ ပါးလျကာ ငွေ့ငွေ့လေးသာကျန်တော့သည်။

ဝိုင်းစက် လက်မှ လက်အိတ်ကို ချွတ်လိုက်ပြီး သွယ်ဖြူစိုးကို လှမ်းကြည့်လိုက်၏။ သွယ်ဖြူစိုးက ကျောက်တုံး တစ်တုံးကို လှည့်ပတ်ကြည့်နေရင်း စာအုပ်တစ်အုပ်နှင့် အလုပ်ရှုပ်နေ၏။

ကျောင်းသားတစ်စုကတော့ ဆရာဦးမြင့်ဦး ရှင်းပြနေသည့် သစ်ရွက် Fossil တစ်ခုကို ဝိုင်းကြည့်နေကြသည်။

ဝိုင်းစက် ခါးမှရေဘူးကို ဖြုတ်ကာ ရေကို မော့သောက်လိုက်သည်။ သို့ပေမယ့် ရေဘူးထဲတွင် ရေက အနည်းငယ်သာ ကျန်တော့သည်။ ဝိုင်းစက် သွယ်ဖြူစိုးအနားသို့ သွားလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



“သွယ်ဖြူစိုး နင့်ရေဘူးထဲမှာ ရေကျန်သေးလား။ ငါ ရေကုန်သွားလို့”

သွယ်ဖြူစိုးက စာအုပ်ကို ပေးလိုက်ပြီး ဝိုင်းစက်ကို မော့ကြည့်လိုက်၏။ ထို့နောက် သွယ်ဖြူစိုးက ပခုံးကို တွန့်ပြရင်း ပြောလိုက်၏။

“ငါ့မှာလည်း မကျန်တော့ဘူး။ ထမင်းစားပြီးမှ ရွာထဲမှာ သွားခပ်မယ်လေ ဝိုင်းစက်”

ဝိုင်းစက်က စိတ်ပျက်လက်ပျက်ဖြစ်ပြီး ညည်းညူလိုက်၏။

“ဒုက္ခပါပဲ...ငါ ရေတော်တော်ဆာနေပြီ။ ဒါဆိုလည်း ထမင်းစားပြီးမှ သွားခပ်ကြတာပေါ့...”

သွယ်ဖြူစိုးက ဝိုင်းစက်ကို ခေါင်းညိတ်ပြလိုက်ပြီး ထမင်းဘူးကို ထုတ်လိုက်လေ၏။

နှစ်ယောက်စလုံး ထမင်းကို မြန်မြန်စားလိုက်ပြီး ရေခပ်ရန် ရွာဘက်သို့ ထွက်လာခဲ့သည်။ သူတို့ Field ဆင်းနေသည့် နေရာနှင့် ရွာက သုံးဖာလုံသာသာလောက်သာ ကွာဝေးပြီး ထုံးကျောက်တောင်လေးတစ်တောင်သာ ကာစည်း ခြားထားရလေသည်။

နေကို ယခုမှပင် ရှင်းလင်းပြတ်သားစွာ မြင်ရတော့၏။ သို့သေမယ့် အအေးဓာတ်ကတော့ ရှိနေဆဲ။ သွယ်ဖြူစိုးက သိုးမွေး



www.burmeseclassic.com

www.burmeseclassic.com



ဆွယ်တာအင်္ကျီကော်လံကို လည်ပင်းဖုံးသည်ထိ ဆွဲထောင်ရင်း ဝိုင်းစက်ကို လှမ်းပြောလိုက်၏။

"ငါတို့ ဟို...ဗိုလ်တဲကြီးကို ဖြတ်သွားရမယ် ထင်တယ်နော်"

သွယ်ဖြူစိုးစကားကြောင့် ဝိုင်းစက်အတွေးထဲတွင် စိုင်းပီးကို ဖျတ်ခနဲ သတိရသွားသည်။ ဝိုင်းစက်က သွယ်ဖြူစိုးကို စောင်းငဲ့ ကြည့်လိုက်ပြီး ပြောလိုက်သည်။

"သွယ်ဖြူစိုး...ငါတို့ ဗိုလ်တဲထဲကို ထပ်ဝင်ကြည့် ကြရအောင်"

ဝိုင်းစက်စကားကြောင့် သွယ်ဖြူစိုး မျက်နှာပျက်သွားကာ အထိတ်တလန့် ပြောလိုက်၏။

"ဘာ...ဘာ...လုပ်မလို့လဲ ဝိုင်းစက်။ ငါ အဲဒီ ဗိုလ်တဲကြီးကို ဘာဖြစ်မှန်းမသိဘူး စိတ်ထဲက အရမ်း ကြောက်နေသလိုမျိုး ခံစားရတယ်"

သွယ်ဖြူစိုးစကားသံတွေက အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေ ပြီး မျက်နှာကလည်း ရတ်ခြည်းဆိုသလိုပင် သွေးဆုတ်ဖြူရော် သွား၏။

ဝိုင်းစက်က သွယ်ဖြူစိုး မျက်နှာပျက်နေတာကို မြင်သွားပြီး ရယ်သံစွက်၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်း ဘာကြောက်စရာရှိလို့လဲ"

သွယ်ဖြူစိုးက ဝိုင်းစက်လက်ကို အားကိုးတကြီး လှမ်းကိုင်လိုက်ရင်း တိုးလျှစွာပင် ပြောလိုက်၏။

"ငါ အကြောင်းမဲ့ ကြောက်နေတာ မဟုတ်ဘူး ဝိုင်းစက်။ ငါ အဲဒီဗိုလ်တဲကြီးက ပြန်လာကတည်း က ညကို အိပ်မက်တစ်ခုတည်းကိုပဲ မက်နေတယ်။ အိပ်မက်ထဲမှာ နင်နဲ့ ငါက သရဲတစ္ဆေတွေ ဖြစ်သွားပြီး ဗိုလ်တဲကြီးရဲ့ အစောင့်တွေ လာမယ့်အချိန်ကို မျှော်လင့်တကြီး စောင့်နေကြရတယ် ဝိုင်းစက်"

သွယ်ဖြူစိုးအသံက ပြောနေရင်းမှ ရှိုက်ငင်တိုးဝင်လာသည်။ မျက်နှာကလည်း ခုနကထက်ပင် ပို၍ ပုံပန်းပျက်လာသည်။

ဝိုင်းစက် သွယ်ဖြူစိုးကို စိတ်ထဲမှ ကျိတ်၍ သနားသွားပြီး နှစ်သိမ့်လိုက်၏။

"နင်စိတ်စွဲနေလို့ ဖြစ်မှာပါ။ ငါတောင် ဟို တစ်နေ့ညက သွားသေးတယ်။ အခု အဲဒီဗိုလ်တဲ ကြီးမှာ လူတောင်နေနေပြီ။ ပြီးတော့ နေ့ခင်းကြောင် တောင်ကြီး ဘာကြောက်စရာရှိလို့လဲ"

ဝိုင်းစက်စကားကို သွယ်ဖြူစိုးက မယုံသင်္ကာမျက်လုံးဖြင့် ကြည့်လိုက်ပြီး ခဏလောက် ငြိမ်ကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် နှစ်ယောက်စလုံး ခြေလှမ်းတွေကို အရှိန်မြှင့်ကာ ခပ်သွက်သွက် လျှောက်လာလိုက်ကြသည်။ ရုတ်တရက် ရာသီဥတုက အေးလာသည်။ ဘာကြောင့်မှန်းမသိ ဝိုင်းစက်စိတ်ကပါ အလိုလို လိုက်ပါလှုပ်ရှားလာသည်။

ထိုစဉ်မှာပင် ဖြုန်းခနဲ နှစ်ယောက်စလုံး၏ ခြေလှမ်းတွေက တုံ့ရပ်သွားကြသည်။

ခွေးနက်ကြီးတစ်ကောင်က သူတို့ရှေ့မှ ပိတ်ဆို့ကာဆီးကာ ကြည့်နေသောကြောင့်ပင် ဖြစ်သည်။

ရုတ်တရက် ကျောရိုးတစ်လျှောက် ချမ်းစိမ့်တက်သွားသည်ဟု ဝိုင်းစက် ခံစားလိုက်ရသည်။ ဘာကြောင့်မှန်းမသိ ခွေးနက်ကြီးက သူတို့ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေ၏။

မျက်လုံးတွေက ခွေးတစ်ကောင်ရဲ့ မျက်လုံးနဲ့ မတူဘဲ သက်ရှိသတ္တဝါတစ်ယောက်ယောက်ရဲ့ မျက်လုံးတွေလိုမျိုး။

ထိုစဉ်မှာပင် ခွေးနက်ကြီး၏ မျက်လုံးတွေကို ဝိုင်းစက် သတိပြုမိသွားပြီး ကြက်သီးဖြန်းခနဲထသွားမိလေတော့သည်။

ဟင်...!ငါ ဒီမျက်လုံးတွေကို တွေ့ဖူးပါတယ်။ ဘယ်မှာပါလိမ့်။

ဝိုင်းစက်၏တီးတိုးရေရွတ်လိုက်သံကို သွယ်ဖြူစိုး ကြားသွားပြီး ကတုန်ကယင်အသံဖြင့် ဝိုင်းစက်ကို မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်းစက်...နှင့်...ဘာတွေ ပြောနေတာလဲ။ ဟို ခွေးကြီးကို မောင်းထုတ်လိုက်ဟာ။ ငါ ကြောက်တယ်"

သွယ်ဖြူစိုး၏အသံက အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။ ခွေးနက်ကြီးကလည်း သူတို့ လှုပ်ရှားမှုမှန်သမျှကို သက်ရှိလူတစ်ယောက်ပမာ လိုက်ကြည့်နေ၏။ သွယ်ဖြူစိုး ဝိုင်းစက်နောက်မှ ကွယ်၍ ရပ်လိုက်သည်။

ဝိုင်းစက် မရဲတရဲနှင့် ခွေးနက်ကြီးကို မောင်းလိုက်၏။

"ဟဲ့...ရှူး...ရှူး..."

သို့ပေမယ့် ခွေးနက်ကြီးကတော့ တုတ်တုတ်မျှမလှုပ်ဘဲ ခေါင်းကိုထောင်၍ကြည့်လိုက်၏။

ဘာလုပ်မလို့တုံး?

ဝိုင်းစက်၏ ကြောက်လန့်တကြား ရေရွတ်လိုက်သံကို ခွေးနက်ကြီး ကြားသွားလေလားမသိ။ ဝိုင်းစက်ကို စူးစူးရဲရဲ ပြန်ကြည့်လိုက်သည်။

သွယ်ဖြူစိုးက ကြောက်စိတ်ကို တင်းမခံနိုင်တော့ဘဲ တုန်ယင်နေသောအသံဖြင့် ဝိုင်းစက်ကို ပြောလိုက်၏။

"သွား...သွားမယ်ဟာ ဝိုင်းစက်။ ငါ ကြောက်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစက်က သွယ်ဖြူစိုးပခုံးကို သိုင်းဖက်ရင်း...

"အေး...အေး...သွားမယ်"

ဟု နှစ်သိမ့်လိုက်၏။

ထိုအခိုက်အတန့်အတွင်းမှာပင် ခွေးနက်ကြီးက ရှေ့သို့ တဖြည်းဖြည်းချင်းတိုးလာလေသည်။ ပါးစပ်ကလည်း တွဲလောင်း ပွင့်ကျလာကာ စကားပြောတော့မည့်နှယ်။

ဝိုင်းစက် သွယ်ဖြူစိုးကို ဖက်ထားရင်း နောက်သို့ ဆုတ်လိုက်သည်။ ခွေးနက်ကြီးက ရှေ့ဆက်မတိုးတော့ဘဲ ဝိုင်းစက်ကို ခေါင်းမော့၍ ကြည့်လိုက်လေ၏။

ထိုစဉ်မှာပင် ခွေးနက်ကြီး၏ ရီဝေအေးစက်နေသော မျက်လုံးတွေကို ဝိုင်းစက် မှတ်မိသွားပြီး လည်ချောင်းကွဲလုမတတ် အော်လိုက်လေတော့သည်။

**စိုင်းပီး !**

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

သူပဲ စိတ်ကယောင်ချောက်ချား ဖြစ်တာလား။ ဝိုင်းစက် မဆေခွဲတတ်တော့။ ခွေးတစ်ကောင်က လူတစ်ယောက်ရဲ့ မျက်လုံးတွေကို ဘယ်နည်းနဲ့မှ မပိုင်ဆိုင်နိုင်တာ သေချာသည်။

ဒါဆို...ဘာလို့ စိုင်းပီး မျက်လုံးတွေနှင့် တူနေရသနည်း။

ငါ အကြောက်လွန်နေတာများလား?

သွယ်ဖြူစိုး၏ လက်တွေက အေးစက်လွန်းနေသည်။ သူမအသက်ရှူသံကလည်း ဖားဖိုကထွက်သည့် အသံနှင့်ပင်တူနေ၏။

ဝိုင်းစက် ကြောက်စိတ်ကြောင့် အကြောအချဉ်တွေ တောင့်တင်းလာပြီး ဘာဆက်လုပ်ရမယ်မှန်း မသိ။

ထိုစဉ်မှာပင်...



www.burmeseclassic.com

www.burmeseclassic.com



ခွေးနက်ကြီးက နောက်သို့ ပြန်လှည့်ကာ လှစ်ခနဲ ပြေးထွက်သွားလိုက်၏။

ဟူး...တော်ပါသေးရဲ့။

ဟု ဝိုင်းစက် ရေရွတ်လိုက်ပြီး သွယ်ဖြူစိုးကို ကြည့်လိုက်၏။ သူမက မျက်လုံးတွေကို စုံမှိတ်ထားပြီး နှုတ်မှလည်း တတွတ်တွတ် ဘုရားစာတွေကို ရေရွတ်နေသည်။

ဝိုင်းစက် တုန်ယင်ထစ်ငေါ့နေသော အသံဖြင့် သွယ်ဖြူစိုးကို အားပေးစကား ဆိုလိုက်၏။

"မကြောက်နဲ့...မ...ကြောက်နဲ့။ ဟို...ခွေးကြီး မရှိတော့ဘူး။ ငါတို့ သက်သက်ကြောက်နေကြတာပါ။ ရိုးရိုးခွေးကြီးပါ...ဟာ"

သွယ်ဖြူစိုးက ဖြည်းဖြည်းချင်း မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ ခွေးနက်ကြီးကို မတွေ့ရတော့မှ စိတ်ချလက်ချ ဖြစ်သွားပြီး...

"အေး...ဟုတ်တယ်နော်။ မရှိတော့ဘူး။ နင်ဘာလို့ စိုင်းပီးလို့ ပြောလိုက်တာလဲ"

ထိုနာမည်ကြားမှ ဝိုင်းစက်ရင်တွေ လှပ်ခနဲဖြစ်သွားပြီး မျက်နှာပျက်သွားမိသည်။ အမြန်ပင်ပြန်ထိန်းရင်း အငေါ်စ်ထစ် အငေါ့ငေါ့နှင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ...ဘာမဟုတ်ပါဘူး။ ရှမ်းလို ပြောလိုက်တာပါဟ...။ ကဲ...လာပါ သွားကြမယ်"

ဝိုင်းစက်က သွယ်ဖြူစိုးလက်ကိုစွဲကာ ထွက်လာခဲ့သည်။ သွယ်ဖြူစိုး ဆက်မမေးတော့ဘဲ ဝိုင်းစက်ခေါ်ရာနောက်သို့သာ လိုက်လာခဲ့၏။

စိမ်းညို့နေသော သစ်ပင်တွေကြားမှ ဝိုင်းစက်တို့ တိုးထွက်လာခဲ့ကြသည်။ ရှေ့နည်းနည်းဆက်လျှောက်လိုက်ရင် ဗိုလ်တဲကြီးဆီသို့ ရောက်တော့မယ်မှန်း အသိက သွေးတွေကို ပူခနဲဖြစ်သွားစေ၏။ စိတ်တွေ လေးနေသလိုမျိုး ခြေထောက်တွေပါ လေးလံနေသည်။

စိုင်းပီး...ခွေးနက်ကြီး...ကင်မရာ...။

ထိုအကြောင်းအရာတွေက ဝိုင်းစက်ခေါင်းသို့ အစီအရီ ဝင်လာလေ၏။

ဝိုင်းစက် အသက်ကိုပင် သတိနှင့် ရှူသွင်းရင်း လျှောက်လာခဲ့၏။ သွယ်ဖြူစိုးက ဘေးနားမှနေ၍ ဗိုလ်တဲကြီးကို မမြင်နိုင်ရန် ဝိုင်းစက်ခန္ဓာကိုယ်နှင့် ကွယ်ထားလိုက်သည်။

ထိုစဉ်...

လေက တစ်ချက်ဝှေ့တိုက်သွား၍ မြေပေါ်မှ သစ်ရွက်ခြောက်တွေ လွင့်ဝဲသွားသည်။ ခြေထောက်မှ အေးခနဲဖြစ်သွား၍ ဝိုင်းစက်



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ အလန့်တကြား ငုံ့ကြည့်လိုက်သည်။

မြက်ပင်ပေါ်မှ နှင်းစက်တွေ။ ခုနကတည်းက ကျထားတဲ့ နှင်းတွေက ယခုထိကို အေးနေဆဲ။

သွယ်ဖြူစိုးက ရင်ဘတ်ကို လက်ဖြင့် ဖိထားရင်း တုန်ယင်မောဟိုက်စွာ ပြောလိုက်သည်။

"ဝိုင်းစက်...အဲဒီအထဲကို မဝင်နဲ့နော်"

"အေးပါ..."

ဟု ဝိုင်းစက်က ပြန်ပြောရင်း သွယ်ဖြူစိုးကို လက်တစ်ဖက်ဖြင့် ဖက်ထားလိုက်သည်။

ထိုစဉ်မှာပင်...

လေက ဝေ့တိုက်လာသဖြင့် လေထဲမှ ညှီစို့စို့အနံ့ကြီးကို ရလိုက်၏။

ဘာနံ့ကြီးလဲ? သရဲတစ္ဆေတွေက အပုပ်နံ့ပေးပြီး ခြောက်တယ်ဆိုတာ ဒီလိုမျိုးကို ပြောတာလားမသိ။

ဝိုင်းစက် ထိုအတွေးကိုပင် အမြင်ကတ်သွားသည်။ ခံနိုင်ရည်သတ္တိတွေပင် ထိုအတွေးကြောင့် လွင့်စဉ်ကုန်သည်ဟု ထင်လိုက်ရသည်။ ကြောက်ရွံ့သိမ်ငယ်စိတ်ကလည်း ရုတ်တရက်ဆိုသလိုပင် လွှမ်းမိုးအုပ်ဆိုင်းလာလေပြီ။

အမှူးကပ်ဆုံး အနေအထားဖြင့် ဝိုင်းစက်တို့ ဗိုလ်တဲကြီးရှေ့မှ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်သည်။ သွယ်ဖြူစိုး၏ကိုယ်က အသံထွက်အောင်ပင် တုန်ယင်နေသည်။

ထိုစဉ်မှာပင်...

အသံတစ်သံကို ကြားလိုက်ရသည်ဟု ထင်သွားပြီး အသံလာရာဘက်သို့ ဝိုင်းစက် အားစိုက်နားထောင်ကြည့်လိုက်၏။

အသံက တိုးတိုးဖွဖွ။ ဘာသံကြီးမှန်းမသိ။

ဝိုင်းစက် မျက်စိမှိတ်ပြီး နားကို အသံလာရာဘက်သို့ တိုးရွှေ့လိုက်၏။ အသံက တဖြည်းဖြည်းနဲ့ ပီပြင်လာ၏။

အသံက တဟင်းဟင်းနဲ့။

လူမမာတစ်ယောက် ညည်းညူနေသံမျိုး။

ဘယ်သူများ ညည်းနေတာလဲ?

ဝိုင်းစက် သိချင်စိတ်ကြောင့် မျက်လုံးကို ဖွင့်ကြည့်လိုက်၏။

ဟာ...!

ထိုအသံနှင့်အတူ သွယ်ဖြူစိုးကို ဖက်ထားသော လက်များကို လွှတ်ချလိုက်မိပြီး ပါးစပ်အဟောင်းသား ပွင့်ကျသွားလေတော့သည်။

ဗိုလ်တဲကြီးရှေ့မှာ ခုနက ခွေးနက်ကြီး။

အေးစက်ရီဝေနေသော မျက်လုံးတွေဖြင့် ကြည့်နေပြန်သည်။

ဟင်...! ဘေးမှာလည်း နောက်တစ်ကောင်...။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစက် နောက်တစ်ကောင်၏ မျက်လုံးတွေ လှမ်းကြည့်လိုက်မိသည်။

ဟင်!...ပန်းချီကားထဲကလူကြီးမျက်လုံးတွေ...။

ရုတ်တရက် ဝိုင်းစက်ခန္ဓာကိုယ်မှ သွေးတွေ ပြောင်းပြန်စီးသွားသည်ဟုပင် ထင်လိုက်ရသည်။

ဝိုင်းစက် ဆက်မကြည့်ရဲတော့ဘဲ သွယ်ဖြူစိုးလက်ကို ဆွဲကာ အားကုန်ပြေးထွက်လာခဲ့တော့သည်။ နှစ်ယောက်စလုံး၏ ခြေထောက်တွေက တဆတ်ဆတ်တုန်ယင်နေသောကြောင့် အားကုန်ပြေးတာတောင် သိပ်မမြန်။ နောက်မှ ခွေးနက်ကြီးတွေရဲ့ ညည်းသံလိုလို အူသံလိုလို အသံတွေကို ကြားနေရ၏။

အနောက်ကများ လိုက်လာလေလားဟု တွေးလိုက်မိပြီး ဝိုင်းစက် လှည့်ကြည့်လိုက်သည်။

ဟင်!

ထိုအာမေဍိတ်သံနှင့်အတူ ဝိုင်းစက် အသည်းထဲထိအောင် အေးခနဲဖြစ်သွားမိသည်။

ဗိုလ်တဲကြီးရှေ့မှာတော့ စိုင်းပီးနှင့် ပန်းချီကားထဲက လူကြီးက ဝိုင်းစက်တို့ကို ကြည့်ကာ ဟားတိုက်ရယ်မောနေကြသည်။ နောက်...စက္ကန့်ပိုင်းအတွင်းမှာပင် ရုပ်ရှင်ထဲမှ ရုပ်ပြောင်းရုပ်လွှဲ ပြကွက် (morphing)တစ်ခုလို ပြောင်းသွားပြီး ခွေးနက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်သွားကြကာ အေးစက်ရီဝေနေသော မျက်လုံးများဖြင့် စိုက်ကြည့်နေပြန်သည်။

ငါ...မျက်စိမှားတာလား?

ထိုချောက်ချားတုန်လှုပ်စရာကောင်းသော မြင်ကွင်းကြောင့် ဝိုင်းစက် သည်းခြေပျက်သလို ဖြစ်သွားမိ၍ ကောင်းကောင်းကြီး ရပ်ကြည့်နေမိသည်။

သွယ်ဖြူစိုး သူ့လက်ကိုဆွဲကာ ရုတ်တရက် ဆောင့်ပြေးထွက်မှ ဝိုင်းစက် သတိဝင်လာပြီး အားကုန် ပြေးထွက်သွားလိုက်လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၀ )

ရွာထိပ်ရောက်တော့ နှစ်ယောက်စလုံး ခြေကုန်လက်ပန်းကျကာ မြေကြီးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိတော့၏။

ဝိုင်းစက် မြေကြီးပေါ်သို့ လှဲချလိုက်ပြီး အသက်ကို ဝအောင် ရှူသွင်းနေသည်။ သွယ်ဖြူစိုးကတော့ အသံပင်မထွက်နိုင်တော့။

ခဏကြာမှ...

"ငါ ရေအရမ်းဆာတယ် ဝိုင်းစက်"

ဝိုင်းစက်က သွယ်ဖြူစိုးကို ခေါင်းညိတ်ပြလိုက်ပြီး မတ်တတ်ထရပ်လိုက်ကာ သွယ်ဖြူစိုးကို ဆွဲထူလိုက်၏။ ထို့နောက် ရွာဘက်သို့ ထွက်လာခဲ့၏။

သုံးတောင်ရွာလေးက အိမ်ခြေ ၄၀၊ ၅၀ လောက်ရှိပြီး တစ်ရွာလုံး ခြေတံရှည်အိမ်တွေက များသည်။ ဝိုင်းစက်တို့ ရွာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းအတိုင်း လျှောက်လာလိုက်ပြီး နီးရာအိမ်တစ်အိမ်သို့ ဝင်ကာ ရေတောင်းသောက်လိုက်သည်။

ရေသောက်ရင်း ရေဘူးတွေကိုပါ ရေဖြည့်လိုက်သည်။

ထိုစဉ်မှာပင်...

အိမ်အောက်မှ မိန်းမကြီးနှစ်ယောက် မောင်းထောင်းနေရင်း ပြောလိုက်သော စကားသံကြောင့် ဝိုင်းစက်ရော သွယ်ဖြူစိုးပါ လိပ်ပြာလွင့်မတတ် ကြောက်လန့်သွားလေတော့သည်။

"ဟို... ဗိုလ်တဲကြီးရှေ့က ဒီနေ့ ဖြတ်လာတုန်း ဗိုလ်တဲကြီးဆီက ညည်းနေသံတွေ ကြားရတယ်အေ့။ ကေ့န္တတော့ အစောင့်လိုနေပြီထင်တယ်"

"အို... မဟုတ်တာအေ...။ ညည်းကလည်း လျှောက်ပြောနေပြန်ပြီ။ တစ္ဆေသရဲဆိုတာ တကယ် မရှိပါဘူး"

"ဟွန်း...ညည်းကသာ မရှိဘူးပြောနေ၊ အဲဒီ ဗိုလ်တဲမှာ စိုင်းပီးဆိုတဲ့ ကောင်လေး သေလို့ သရဲ ခြောက်တာ ငါကိုယ်တွေ့...အေ့"

ထိုစကားကြောင့် ဝိုင်းစက် အူတွေ အသည်းတွေ ပြောင်းပြန် လှန်သွားသလို ခံစားလိုက်ရသည်။ သွယ်ဖြူစိုးက ဝိုင်းစက် မျက်နှာကို မျှော်လင့်ချက်မဲ့သွားသလို ကြည့်လိုက်ပြီး ခေါင်းရှုပ်ရှုပ်



www.burmeseclassic.com

www.burmeseclassic.com


ငိုကြွေးနေလိုက်ရင်း...

"ဘယ်လိုလုပ်ကြမလဲ ဝိုင်းစက်။ ငါတို့တော့ ဒုက္ခပါပဲ" ဟု ငိုသံပါကြီးနှင့် ပြောလိုက်လေ၏။

ဝိုင်းစက်က တုန်ယင်နေသောလက်ဖြင့် သွယ်ဖြူစိုးကို ဖက်လိုက်ရင်း...

"သူငယ်ချင်း...ဘာမှကြောက်စရာမလိုဘူး။ တို့ဗုဒ္ဓဘာသာ အယူအဆမှာ မကောင်းတဲ့ နာနာဘာဝ တစ္ဆေသရဲတွေက သူတို့ထက် ကုသိုလ်ကောင်းလို့ လူဖြစ်နေတဲ့တို့ကို ဘာမှ လာလုပ်လို့မရဘူး။ တို့ အမျှဝေမှ သူတို့က ကျွတ်ရမယ့်ဘဝပါ။ အဲဒီတော့ ဘာမှ တွေးကြောက်မနေနဲ့ ကျောင်းပြန်ကြမယ်"

ဝိုင်းစက် သွယ်ဖြူစိုးကို တွဲကူအားပေးရင်း ကျောင်းသို့ ပြန်လာခဲ့၏။ သူ့သိစိတ်တွေက ဝေဝါးနောက်ကျိနေသည်။ တစ်ကိုယ်လုံးလည်း ကြောက်ရလွန်း၍ နွမ်းလျုန်းချည့်နေသည်။ တစ်လမ်းလုံး သွယ်ဖြူစိုး၏ ယူကျုံးမရ ငိုကြွေးနေသံက သူ့ကို ပိုပြီးလေးလံနေစေသည်။

သို့နှင့် ကျောင်းနားအရောက်တွင်တော့ ကျောင်းရှေ့ မြေကွက်လပ်လေးတွင် ကျောင်းသားတွေ ဝိုင်းအုံနေလေ၏။ သွယ်ဖြူစိုးက ထိုမြင်ကွင်းကြောင့် ဝိုင်းစက်ကို လှမ်းမေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်းစက်...ဟိုမှာ ဘာဖြစ်နေလို့ ဝိုင်းအုံနေကြတာလဲ"

ဝိုင်းစက်က ခေါင်းခါပြလိုက်ပြီး...

"မသိဘူးလေ...သွားကြည့်ကြရအောင်"

ဟု ပြောပြီး ထိုမြေကွက်လပ်လေးဆီသို့ ဝိုင်းစက် ထွက်သွားလိုက်သည်။ သွယ်ဖြူစိုးကပါ နောက်မှ ဒရောသောပါး ပြေးလိုက်လာခဲ့၏။

ကျောင်းရှေ့ မြေကွက်လပ်လေး အရောက်တွင်တော့ မထင်မှတ်ထားသော သတင်းကြောင့် ဝိုင်းစက်ရော သွယ်ဖြူစိုးပါ ပါးစပ်အဟောင်းသား ပွင့်သွားလေတော့သည်။

ချိုမြင့်ထွန်းနဲ့ ဇော်ဝင်းမြင့် Field ဆင်းနေရင်း တောင်ပေါ်က ကျောက်တုံးတစ်တုံး ရုတ်တရက် လိမ့်ကျလာပြီး ပိသွားလို့တဲ့။

ဒဏ်ရာအခြေအနေက သေဖို့များတယ်တဲ့။

ပါသွားသော ကျောင်းသူတစ်ယောက်က ကျန်သည့်ကျောင်းသားတွေကို ရှင်းပြနေ၏။ ထိုကျောင်းသူ၏ မျက်နှာကပင် ထိတ်လန့်စရာ မြင်ကွင်းတွေကို မြင်ခဲ့ရသောကြောင့် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

ထိုစဉ်မှာပင် ဝိုင်းစက် မြင်တွေ့လိုက်ရသည်က ကိုကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သူလေး၏ ဘေးတွင် ဇော်ဝင်းမြင့်နှင့် ချိုမြင့်ထွန်းတို့၏ ကျောပိုးအိတ်၊ စာအုပ်တွေနှင့် သွေးစွန်းနေသော ခါတ်ပုံတစ်ပုံ။

ဝိုင်းစက် အလျှင်အမြန်ပင် လှူအုပ်ထဲသို့ တိုးဝင် ထွန်းဖယ်သွားလိုက်ရင်း ထိုသွေးစွန်းနေသော ခါတ်ပုံကို ယူကြည့်လိုက်လေသည်။

ခါတ်ပုံထဲမှ မြင်ကွင်းကြောင့် ဝိုင်းစက် ခန္ဓာကိုယ်တစ်ခုလုံး လဲကျလုမတတ် ယိမ်းယိုင်သွားပြီး သွေးပျက်လုခမန်း ကြောက်ရွံ့သွားမိတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

ဝိုင်းစက် ယူကျုံးမရဖြစ်ကာ ငိုကြွေးနေမိသည်။ အမှန်တကယ်တော့ ဇော်ဝင်းမြင့်နှင့် ချိုမြင့်ထွန်းတို့ ဒုက္ခရောက်ရတာ သူ့အပြစ်မကင်းသလို ခံစားလိုက်ရသည်။

ဗိုလ်တဲကြီးထဲက ကင်မရာကို မယူခဲ့မိရင် ကောင်းသား။ အခုတော့...ဝိုင်းစက် တွေးလက်စအတွေးကို နာကြည်း ခါးသီးစွာ ရပ်ပစ်လိုက်ပြီး အံကိုတင်းတင်းကြိတ်လိုက်သည်။

ဝိုင်းစက် အာရုံထဲတွင် ဇော်ဝင်းမြင့်နှင့် ချိုမြင့်ထွန်းတို့ ပုံရိပ်တွေက လွှမ်းခြုံအုပ်ဆိုင်းလာသည်။

"ဘုရား...ဘုရား...သူတို့နှစ်ယောက် ဘာမှမဖြစ်ပါစေနဲ့"

ဟု လက်နှစ်ဖက်ကို ယှက်မိုးရင်း ဘုရားကို အာရုံပြု

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ တစ်ဆက်တည်း ဇော်ဝင်းမြင့်ကို ပြောလိုက်သော စကားတစ်ခွန်းကို စိတ်ထဲမှ တောင်းပန်လိုက်မိသည်။

ထိုစကားက "မင်းတို့ကို ဘယ်တော့မှ ပြန်မနိုးအောင် ရိုက်ပေးလိုက်ချင်တာ"ပင် ဖြစ်သည်။

ထိုအချိန်မှာပင်...

သွယ်ဖြူစိုးက ဝိုင်းစက်ဘေးတွင် ဝင်ရပ်လိုက်ပြီး ပြောလိုက်၏။

"ဆရာဦးသိုက်မြင့် ဇော်ဝင်းမြင့်တို့ကို ဆေးရုံသွားပို့ရာက ပြန်ရောက်နေပြီ။ အခြေအနေ သွားမေးကြည့်ရအောင်"

ဝိုင်းစက်က သွယ်ဖြူစိုးကို ခေါင်းညိတ်ပြလိုက်ပြီး လိုက်လာခဲ့၏။

❊ ❊ ❊

ဆရာဦးသိုက်မြင့်က မျက်နှာမသာမယာနဲ့ပင် ကျောင်းသားတွေကို ပြောလိုက်သည်။

"ဇော်ဝင်းမြင့်နဲ့ ချိုမြင့်ထွန်း အခြေအနေက စိုးရိမ်ရလို့ ပြင်ဦးလွင်ဆေးရုံကို အရေးပေါ်လူနာအဖြစ် တင်ထားရတယ်။ သူတို့မိဘတွေကိုလည်း အကြောင်းကြားပြီးပြီ။ အဲဒီတော့ ဆရာတို့အားလုံး သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတွက် အကောင်းဆုံးဖြစ်ဖို့ ဆုတောင်း ပေးကြရတော့မှာပေါ့။ ပြီးတော့ အားလုံး တစ်ရက် နှစ်ရက်လောက် ဒီမှာနေပြီးရင် ရန်ကုန်ပြန်ကြရ တော့မယ်။ အဲဒီအတွက် ပြင်ဆင်ထားကြတော့"

ဆရာဦးသိုက်မြင့် မျက်နှာက တစ်ရက်အတွင်းမှာပင် ချက်ချင်း အိုစာသွားသည်ဟု ထင်ရသည်။ ဆက်ပြီးလည်း ရှည်ရှည်ဝေးဝေးတွေ မပြောမနေတော့။ ကျောင်းသားအားလုံးကို ကိုယ့်နေရာ ကိုယ်ပြန်ကြရန်ပြောပြီး ထွက်သွား၏။

ဝိုင်းစက်နှင့် သွယ်ဖြူစိုးတို့ ကျောင်းဆောင်တွေဘက်သို့ ထွက်လာခဲ့ကြသည်။ သွယ်ဖြူစိုးက ဝိုင်းစက်ပခုံးကို ပုတ်လိုက် ရင်း...

"ငါ အိပ်မက်ဆိုးတွေ မက်နေတာ ဗိုလ်တဲကြီး ထဲက ကြောင်ရုပ်လေးကို ယူလာလို့လားမသိဘူးနော် ဝိုင်းစက်"

ဝိုင်းစက်က သွယ်ဖြူစိုးကို လှည့်ကြည့်လိုက်ပြီး ပြော လိုက်၏။

"အေး...ဖြစ်နိုင်တယ်"

သွယ်ဖြူစိုး ချက်ချင်း မျက်နှာလွှဲသွားကာ တွေဝေသွား၏။ တော်တော်ကြာမှ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် တို့ အဲဒီပစ္စည်းတွေကို သွားပြန်ထား ကြမလား"

ဝိုင်းစက် သွယ်ဖြူစိုးကို ပြုံးပြလိုက်ပြီး ခေါင်းညိတ်ပြ လိုက်လေ၏။ ထိုစဉ်မှာပင် ဝိုင်းစက် စိုင်းပီးကို စဉ်းစားမိလိုက် သည်။ နောက်...သွယ်ဖြူစိုးကို ပြောပြလိုက်၏။

"ဟိုမိန်းမကြီးနှစ်ယောက်ပြောတဲ့ စိုင်းပီး ဆိုတဲ့ ကောင်လေးကို ကင်မရာသွားယူတဲ့ညက ဗိုလ်တဲကြီး ထဲကနေ ထွက်လာတာ တွေ့ခဲ့ရတယ်"

သွယ်ဖြူစိုးက ဝိုင်းစက်ကို မျက်မှောင်ကြုတ်ကြည့်လိုက် ပြီး...

"ဘယ်လိုတွေ့ခဲ့တာလဲ"

"ငါ ညဘက်ကြီး ကင်မရာ သွားယူတော့ ဗိုလ်တဲထဲကနေ လူငယ်တစ်ယောက် ထွက်လာပြီး ငါ့ကို ဘာလုပ်မလို့တုံးလို့ မေးတယ်။ ဒါနဲ့ ငါလည်း ပြန်ဖြေရင်း ရင်းနှီးသွားတော့ သူ့နာမည် စိုင်းပီးဆိုတာ သိလိုက်ရတာပဲ။ ပြီးတော့ သူ့မျက်လုံးတွေက သာမန် လူရဲ့ မျက်လုံးတွေလို မဟုတ်ဘူး။ အရမ်းထူးခြား နေတယ်လို့လည်း ငါ ခံစားလိုက်ရတယ်"

သွယ်ဖြူစိုးက ဝိုင်းစက်စကားကြောင့် တအံ့တဩ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး…

"ဘယ်လို သာမန်တစ်ယောက်ရဲ့ မျက်လုံးတွေနဲ့ မတူညီနေရတာလဲ ဝိုင်းစက်"

ဝိုင်းစက်က သွယ်ဖြူစိုးဘက်သို့ ခန္ဓာကိုယ်ကို လှည့်လိုက်ပြီး ဖြည်းဖြည်းချင်း ပြောလိုက်၏။

"သူ့မျက်လုံးတွေက အရမ်းကို ရီဝေအေးစက်နေလို့ ငါမှတ်မိနေတာ။ ဒီနေ့ ငါတို့နှစ်ယောက် တွေ့ခဲ့တဲ့ ခွေးနက်ကြီးရဲ့ မျက်လုံးကလည်း စိုင်းပီးရဲ့ မျက်လုံးတွေနဲ့ တစ်ထပ်တည်းပဲ"

သွယ်ဖြူစိုးက နားမလည်နိုင်အောင် ဖြစ်သွားပြီး…

"နင်ကလည်း မဖြစ်နိုင်ပါဘူး"

"ဖြစ်နိုင်တယ် သွယ်ဖြူစိုး။ ငါ ကျိန်းသေပြောရဲတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟိုရွာထဲက မိန်းမကြီးနှစ်ယောက် ပြောတဲ့ စကားတွေ၊ ဟိုသရဲစီးနေတဲ့ ကင်မရာနဲ့ သူ့ကိုရိုက်တော့ ဘာနိမိတ်ဆိုးမှ မပြတာတွေက သူ့ကို ပရလောကသားတစ်ယောက်ဆိုတာ သေချာသွားစေတာပဲ။ နောက်ထပ် ငါထင်တာ တစ်ခုက နေ့ဘက်ဆို ခွေးနက်ကြီးအဖြစ်နဲ့ နေရပြီး ညဘက်ဆို လူတစ်ယောက်ပုံစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြီး ဗိုလ်တဲကြီးရဲ့ အစောင့်ဖြစ်နေတယ် ထင်တာပဲ သွယ်ဖြူစိုး”

ဝိုင်းစက်စကားတွေကြောင့် သွယ်ဖြူစိုး ဘာမှပြန်မပြောနိုင်အောင် ဖြစ်သွားပြီး မျက်ရည်ဝဲလာတော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

သွယ်ဖြူစိုး၏အသံကြောင့် ဝိုင်းစက် အိပ်ရာထဲမှ လူးလဲထလိုက်သည်။

"ဟဲ့ ...ဝိုင်းစက် ...ထ ...ထ။ နင်ကလည်း အိပ်ပုပ်ကြီးလိုက်တာ။ **Field** ဆင်းဖို့ အားလုံး အဆင်သင့်ဖြစ်နေကြပြီ။ ဆရာဦးမြင့်ဦးက နင့်ကို လာခေါ်ခိုင်းလို့ ငါလာခေါ်တာ။ မြန်မြန်လုပ် နောက်ကျနေပြီ"

ဝိုင်းစက်က တစ်ချက်သမ်းဇေလိုက်ပြီး...

"အေးပါ ...သွယ်ဖြူစိုးရာ။ ငါ မြန်မြန်မျက်နှာသစ်ပြီး လိုက်လာခဲ့မယ်။ နင်သွားနှင့်လိုက်"

ဟု ပြောလိုက်ကာ မျက်နှာသစ်၍ အလောတကြီး ထွက်သွားလေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှေ့ မြေကွက်လပ်လေးတွင်တော့ ဆရာဦးမြင့်ဦးနှင့် ကျောင်းသားများက သူ့ကိုစောင့်နေသည်ကို ဝိုင်းစက် တွေ့ လိုက်ရသည်။

ဝိုင်းစက် ကပျာကယာပင် ထိုနားသို့သွားလိုက်၏။

ဆရာဦးမြင့်ဦးက ဝိုင်းစက်ကို ခြေဆုံးခေါင်းဆုံး ကြည့် လိုက်ပြီး…

"ဝိုင်းစက်…မင်းပုံက အမြဲတမ်း မသပ်မရပ်နဲ့။ အချိန်လည်း မလေးစားဘူး။ မင်း နောက်ကျတာ ဘယ်နှစ်ခါရှိပြီလဲ"

ဝိုင်းစက် ဆရာဦးမြင့်ဦးစကားကို အဖြေမပေးဘဲ ခေါင်း ကိုသာ ငုံ့ထားလိုက်သည်။ ဆရာဦးမြင့်ဦးက ဒေါသသံဖြင့် ဆက်ပြောလိုက်သည်။

"ဒီနေ့ Field ဆင်းလို့ လုံလောက်တဲ့ ဘူမိဗေဒ အချက်အလက်တွေကို မတင်ပြနိုင်ဘူးဆိုရင် မင်းကို လေ့လာရေးအဖွဲ့ထဲကနေ ထုတ်ပစ်မယ်။ ကြားလား …ဝိုင်းစက်"

"ဟုတ်ကဲ့…"

ဝိုင်းစက် ပြန်ပြောလိုက်သံက တုန်ယင်နေသည်။ ဆရာ ဦးမြင့်ဦးက ကျောင်းသားအားလုံး သွားကြရန် ပြောလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွား၏။

ဝိုင်းစက် သစ်ရွက် Fossil တစ်ခုကို ကြည့်ရင်း ကျောက်တုံး၏ အရောင်ကိုပါ လိုက်မှတ်လိုက်သည်။ လက်ထဲမှ Geogical age ဇယားစာရွက်နှင့် ကျောက်တုံး၏ အရောင်ကိုပါ လိုက်တိုက်ကြည့်ပြန်သည်။ ထိုမှတစ်ဆင့် ကျောက်တုံးလေးကို ပေကြိုးဖြင့် တိုင်းကြည့်လိုက်သည်။

ထိုစဉ်မှာ...

သူ့အနောက်ဘက်မှ အသံတစ်သံကို သတိပြုမိသွားသည်။

သွယ်ဖြူစိုး သို့မဟုတ် တစ်ယောက်ယောက်ထင်၍ လှည့်ကြည့်လိုက်သည်။ သူ့အနောက်ဘက်တွင်တော့ သူမမျှော်လင့်ထားသည့် မြင်ကွင်းတစ်ခု။

မနေ့က ဗိုလ်တဲရှေ့မှာ တွေ့ခဲ့သည့် ခွေးနက်ကြီး။

သူ့ကို အေးစက်ရီဝေနေသော မျက်လုံးတွေဖြင့် စိုက်ကြည့်နေပြန်သည်။ ဝိုင်းစက် ထိုအကြည့်ကြောင့် တစ်ကိုယ်လုံး အေးစက်စိမ့်တက်သွားသည်ဟု ခံစားလိုက်ရသည်။

ခွေးနက်ကြီးက သူ ကြောင်ကြည့်နေစဉ်မှာပင် အနောက်ဘက်သို့ လှည့်ပြေးထွက်သွားသည်။

ငါ့ကို ဒီခွေးနက်ကြီးက ဘာလို့ လိုက်ကြည့်နေရတာလဲ?

ထိုအတွေးနှင့်ပင် ဝိုင်းစက် သိချင်စိတ်က ပြင်းပြလာပြီး



www.burmeseclassic.com

www.burmeseclassic.com



ခွေးနက်ကြီးနောက်သို့ လိုက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ခွေးနက်ကြီး တိုးဝင်သွားရာ သစ်ပင်တွေကြားသို့ ဝိုင်းစက် တိုးဝင်လာလိုက်သည်။ တဖြည်းဖြည်းနှင့် သစ်ပင်တွေက ထူထပ်လာသည်။ ခွေးနက်ကြီးကိုတော့ မတွေ့ရ။ ဝိုင်းစက် ဘယ်ဘက်သို့ ဆက်သွားရမယ်မှန်း မသိတော့။ နီးစပ်ရာ သစ်ပင်တွေကြားထဲသာ တိုးဝင်လိုက်ပြန်၏။ ဒီတစ်ကြိမ်တွင်တော့ လူသွားလမ်းလေးကို တွေ့လိုက်ရ၏။

ဝိုင်းစက် ခြေလှမ်း လေးငါးလှမ်းအရောက်မှာတော့ သူ့ခြေထောက်တွေ တုံ့ခနဲရပ်သွားမိလေသည်။

ရှေ့တွင် မမျှော်လင့်ဘဲ သချိုင်းကုန်းအဟောင်းတစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ သချိုင်းမှ အုတ်ဂူတော်တော်များများကတော့ ပြိုကျပျက်စီးနေကြသည်။

ဒီသချိုင်းကြီးကို ဘာလို့ တောထဲမှာ လာလုပ်ထားကြတာလဲ?

ဝိုင်းစက် တဖြည်းဖြည်းချင်း ရှေ့သို့ တိုးကပ်ကြည့်လိုက်သည်။ အုတ်ဂူတွေထဲမှ ဂူတစ်ခုကတော့ သိပ်မပျက်စီးသေးဘဲကျန်နေ၏။

ဝိုင်းစက် ထိုဂူပေါ်မှ ကမ္ပည်းစာကို ဖတ်လိုက်မိ၏။

ဟင်...!



www.burmeseclassic.com

www.burmeseclassic.com



ထိုအာမေဋိတ်အသံနှင့်အတူ ဝိုင်းစက် မျက်လုံးပြူးကျယ်သွားလေတော့သည်။ အုတ်ဂူပေါ်တွင် ရေးထားသော စာကို နောက်တစ်ကြိမ် ပြန်ဖတ်လိုက်သည်။

စိုင်းပီး၊ အသက် (၂၀)နှစ်

ဟင်! ဟိုတစ်နေ့ညက ငါနဲ့တွေ့တဲ့ စိုင်းပီးများလား?

ဒါဆို...ငါ့ကိုများ တမင်လှည့်စားပြီး သရဲလာခြောက်တာလား?

ထိုစဉ်မှာပင် ဝိုင်းစက်ပခုံးပေါ်သို့ အေးစက်နေသော လက်တစ်ဖက်က လာရောက်ကိုင်လိုက်လေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

"အား"

ထိုအသံနှင့်အတူ ဝိုင်းစက်ခန္ဓာကိုယ်က ရှေ့သို့ လဲကျသွားလေသည်။ ကြောက်ရွံ့လွန်းအားကြီး၍ တုန်ယင်နေသောလက်တို့ကို အားပြုရင်း ဝိုင်းစက် ကုန်းထလိုက်ကာ နောက်သို့ အလန့်တကြား မော့ကြည့်လိုက်သည်။

လူကြီးတစ်ယောက်။

အသက်(၆၀)လောက်ရှိမည်ဟု ခန့်မှန်းရပြီး အမည်းရောင်ညစ်ထေးထေး ရှမ်းဘောင်းဘီ၊ ရှမ်းအင်္ကျီတို့ကို ဝတ်ဆင်ထား၏။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေက ကျိုးတိုးကျဲတဲပေါက်နေပြီး သွားတွေက ကွမ်းချေးတွေကြောင့် မည်းတူးနေသည်။

ဝိုင်းစက် အထစ်ထစ် အငေါ့ငေါ့ မေးလိုက်၏။

"ခင်...ဗျား...က...ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးက ဝိုင်းစက် ကြောက်လန့်ထိတ်ပျာနေသည့် ပုံစံကို ကြည့်ပြီး ကျယ်လောင်စွာရယ်မောကာ ပြောလိုက်၏

"ဟား...ဟား...ဘာကြောက်နေတာလဲ ကောင်လေးရ။ ဘာလဲ ငါ့ကို သချိုင်းကုန်းထဲမှာတွေ့လို့ သရဲထင်နေလို့လား။ သရဲမဟုတ်ဘူး...လူပါကွ။ အိုက်ပန်လေ...သချိုင်းစောင့် အိုက်ပန်ဆိုတာ ငါပေါ့။

ထိုလူကြီးက ရယ်ရယ်မောမောနှင့် ပြောလိုက်ပြီး နီးရာ အုတ်ဂူတစ်ခုပေါ်သို့ ထိုင်ချလိုက်၏။ လက်ထဲမှ ဝါးလုံးရှည်ကြီးကိုလည်း ဘေးနားမှာပင် အသာအယာချထားလိုက်သည်။

ဝိုင်းစက်က သချိုင်းစောင့် ဦးအိုက်ပန်ဆိုသည့် လူကြီးကို ကြည့်ပြီး သွေးလန့်ချင်သလိုဖြစ်လာ၏။ ထိုအချိန်မှာပင် သချိုင်းစောင့် ဦးအိုက်ပန်က သူ့အသံဝါကြီးနှင့်ပင် ပြောလိုက်သည်။

"ဒါနဲ့ နေစမ်းပါဦး ကောင်လေးရ။ မင်းက ဘာလို့ ဒီအုတ်ဂူကို စိုက်ကြည့်နေရတာလဲ"

ဝိုင်းစက်က တုန်ယင်နေသော အသံကို ထိန်းပြီး ပြန်ပြောလိုက်၏။

"ဒီဂူပေါ်မှာ ရေးထားတဲ့ နာမည်က အသိတစ်ယောက်ရဲ့ နာမည်နဲ့ တူနေလို့ပါ"

"ဘာလဲ...စိုင်းပီးကို ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းစောင့် ဦးအိုက်ပန်က ဝိုင်းစက်ကို ထူးဆန်းနေသလို ကြည့်ပြီး ပြော၏။ ဝိုင်းစက်က...

"အင်း...ဟုတ်လား မဟုတ်လားတော့ မသိဘူး။ ဟိုတစ်နေ့က ဗိုလ်တဲကြီးရှေ့မှာ ညဘက်ကြီး တွေ့ခဲ့တာပဲ"

ဝိုင်းစက်စကားကြောင့် သချိုင်းစောင့် ဦးအိုက်ပန် အနည်းငယ် အံ့သြသွားသလို ဖြစ်သွားပြီး ချက်ချင်းပင် ရယ်မောလိုက်ကာ...

"မဟုတ်မှလွဲရော...မင်းတော့ သရဲခြောက်ခံခဲ့ရပြီ ထင်တယ်"

သချိုင်းစောင့် ဦးအိုက်ပန်စကားကြောင့် ဝိုင်းစက် ကြက်သီးဖြန်းခနဲထသွားကာ ကတုန်ကယင်ဖြင့် ပြောလိုက်၏။

"ခင်...ဗျား...က ဘယ်လိုလုပ်သိတာလဲ"

ဦးအိုက်ပန်က ချက်ချင်း ပြန်မဖြေသေးဘဲ တဟားဟားနှင့်သာ ရယ်မောနေ၏။ အတန်ကြာမှ...

"ဒီလိုအဖြစ်အပျက်မျိုးတွေက ဟောဒီရွာ အနီးအနားတစ်ဝိုက်မှာ ကြားရလွန်းလို့ ရိုးနေပြီကွ ကောင်လေးရ..."

ဝိုင်းစက် ထိုစကားကြောင့် ကြောက်သထက် ပိုကြောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အကြောအချဉ်များပါ တောင့်တင်းကုန်၏။ ခြေဆစ် လက်ဆစ်များပါ တုန်ယင်လာတော့၏။

ဦးအိုက်ပန်က အသံဝါကြီးနှင့်ပင် ဆက်ပြောလိုက်သည်။

"စိုင်းပီးက အသေဆိုးနဲ့ သေရတော့ သူ ကျွတ်လွတ်နိုင်ဖို့ လူတွေကို အကူအညီတောင်းနေကျပဲ။ သူ ကျွတ်လွတ်နိုင်မယ့် ပစ္စည်းကလည်း ခပ်ခက်ခက်ပဲ။ ငါရှာနေတာ အနှစ်လေးဆယ်လောက် ရှိပြီ၊ မတွေ့သေးဘူး"

ဝိုင်းစက်က ဦးအိုက်ပန်၏ ထူးဆန်းသော စကားတွေကြောင့် အံ့ဩတကြီးဖြစ်သွား၍ မေးလိုက်မိသည်။

"စိုင်းပီးက ဘာကိုရှာနေတာလဲ"

ဦးအိုက်ပန်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

"ဒီလိုကွ... ကောင်လေးရ၊ စိုင်းပီးဆိုတာ တကယ်တော့ မင်းနဲ့ ရွယ်တူမဟုတ်ဘူး။ မင်း ဟို တစ်နေ့က ဗိုလ်တဲရှေ့မှာ တွေ့ခဲ့တာ သူမသေခင် က ပုံပဲ။ ငါနဲ့လည်း သူငယ်ချင်းပေါ့ကွာ"

ဦးအိုက်ပန်က ပြောနေရင်း ကြေကွဲသွားပြီး အသံတွေ တိမ်ဝင်လာသည်။ ဦးအိုက်ပန်က ဆက်မပြောသေးဘဲ အဝေး တစ်နေရာကို ငေးကြည့်နေပြီး အတန်ကြာမှ...

www.burmeseclassic.com

www.burmeseclassic.com



"မင်းတွေ့ခဲ့တဲ့ ဗိုလ်တဲကြီးက လွန်ခဲ့တဲ့ အနှစ်လေးဆယ်လောက်တုန်းက မစ္စတာဒေးဗစ် ဆိုတဲ့ မျက်နှာဖြူ လူမျိုးတစ်ယောက် ပိုင်တာကွ။ စိုင်းပီးကတော့ အဲဒီခြံကြီးထဲမှာ နေရတဲ့ ခြံစောင့် မာလီတစ်ယောက်ပေါ့"

ဦးအိုက်ပန်က ပြောနေရင်း စကားကို ခဏရပ်ထားလိုက်ပြီး ဝိုင်းစက်ကို တစ်ချက် အကဲခတ်ကြည့်လိုက်၏။ ဝိုင်းစက်က စိတ်ဝင်တစား နားထောင်နေမှန်းသိ၍ ဆက်ပြောလိုက်သည်။

"ငါကတော့ စိုင်းပီးနဲ့လည်းသိ၊ မစ္စတာဒေးဗစ်ကြီးနဲ့လည်း ရင်းနှီးနေတော့ အဲဒီအိမ်ကြီးကို အမြဲဝင်ထွက် သွားလာနေတာပေါ့။ မစ္စတာဒေးဗစ်က မြန်မာစကားလည်း ကောင်းကောင်းပြောတတ်တယ်ကွ။ အဲ...မစ္စတာဒေးဗစ်က ဓာတ်ပုံရိုက် ဝါသနာပါတော့ သူ့ဆီမှာ ဓာတ်ပုံကင်မရာလေး တစ်လုံးရှိတယ်။ အဲဒီကင်မရာကြောင့်ပဲ စိုင်းပီး သေရတာပေါ့ကွာ။ ဒီအကြောင်းတွေကို ပြန်ပြောရရင်တော့ အရှည်ကြီးပဲကွ..."

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

"စိုင်းပီးကလည်း ဓာတ်ပုံရိုက်တာကို ဝါသနာပါတယ်ကွ။ ဓာတ်ပုံပညာကိုလည်း နည်းနည်းပါးပါး လေ့လာဖူးတယ်။ သူက မစ္စတာဒေးဗစ်ရဲ့ ကင်မရာကို တွေ့တော့ အရမ်းလိုချင်တာပေါ့။

ဒါနဲ့ စိုင်းပီးက မစ္စတာဒေးဗစ်ကြီးဆီမှာ တောင်းတောင်းပန်ပန်နဲ့ ကင်မရာကို ဝယ်ရော ဆိုပါတော့။ ဟိုမျက်နှာဖြူ ကောင်ကလည်း အကျင့်ယုတ်မာလိုက်ပုံက စိုင်းပီး အရမ်းလိုချင်နေမှန်းသိတော့ မရောင်းဘူးဟေ့။ ဈေးကိုင်နေတယ်။

မင်းလိုခြံစောင့်မာလီနဲ့ ကင်မရာက တန်လို့လား...ဘာလားနဲ့ ချိုးချိုးဖဲ့ဖဲ့လည်း နှိမ်လိုက်သေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ စိုင်းပီးကတော့ သည်းခံရှာပါတယ်လေ။ ငါကတော့င် ကြားထဲကနေ ဒေါသဖြစ်ရသေးတယ်"

ဦးအိုက်ပန်က ပြောရင်း မာန်ပါလာသောကြောင့် မောပန်းဟန်ပင် မတွေ့ရ။ ပကတိ လူငယ်တစ်ယောက်လို မျက်လုံးတွေ အရောင်တောက်ပလာ၏။

"ဆက်ပြောပါဦး အဘ"

ဝိုင်းစက်က စကားထောက်ပေးလိုက်သောကြောင့် ဦးအိုက်ပန်က ဆေးပြင်းလိပ်တို့ကို တစ်ဖွာရှိုက်လိုက်ပြီး...

"စိုင်းပီးဆီမှာကလည်း မစ္စတာဒေးဗစ်ကြီး မျက်စိကျနေတဲ့ ပစ္စည်းတစ်ခု ရှိနေတာကိုး။ တခြားဟာတော့ မဟုတ်ဘူး။ စိုင်းပီးတို့ ဘိုးဘွားတွေက မျိုးရိုးထုံးစံအရ အခမဲ့ပေးထားတဲ့ ပစ္စည်းလေးကိုပဲ။ ငါတို့လူမျိုးထုံးစံအရ အဲဒီလို ခမည်းပေးထားတဲ့ ပစ္စည်းဆိုရင် လူတိုင်းက အမြတ်တနိုး တန်ဖိုးထားပြီး အိတ်ရှုံ့ကလေးနဲ့ထည့်၊ လည်ပင်းမှာ ဆွဲထားလေ့ရှိတယ်။ ဟောဒီဟာလိုမျိုးပေါ့"

သချိုင်းစောင့် အဘိုးအို ဦးအိုက်ပန်က သူ့လည်ပင်းတွင် ချည်မန်းကြိုးဖြင့် ကျစ်ပြီး ဆွဲထားသည့် အိတ်ရှုံ့ကလေးကို ဖြည်ပြသည်။ လက်မနှစ်ဆစ်ခန့် အရွယ်အစားရှိသော အရိုး



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းအစလိုလို အရာတစ်ခု…။

ဝိုင်းစက်က…

"ဒါ…ဘာလဲ…အဘ"

"ဝက်စွယ်ကင်းပိတ်ဆိုတာပေါ့ကွာ။ အဲ…စိုင်းပီးရဲ့ ခမည်းကျတော့ ဒီလိုမဟုတ်ဘူး။ မြလက်စွပ်ကလေးကွ။ မြရဲ့ အရွယ်အစားကလည်း ဆန်စေ့နှစ်စေ့စာလောက်ပဲရှိမယ်။ သေးသေးကလေးရယ်…။ ဒါပေမဲ့ ကျောက်အမြုတေမျိုးဆိုတော့ စွမ်းသပေါ့ကွာ။ ဒါကို ဒေးဗစ်ကြီးက မျက်စိကျနေတာပေါ့"

"ဩော်…"

"ဒါနဲ့ ဒေးဗစ်ကြီးက စိုင်းပီးကို ကင်မရာလိုချင်ရင် မြလက်စွပ်နဲ့ လဲမလားလို့ စကားခေါ်တယ်။ စိုင်းပီးကလည်း သူ့ရဲ့ ခမည်းပစ္စည်းကိုတန်ဖိုးထားတာပေါ့လကွယ်။ ဘယ်လဲလိမ့်မလဲ။ အဲဒီမှာတင် ဒေးဗစ်ကြီးက စိုင်းပီးကို အငြိုးထားတော့တာပဲ"

ဦးအိုက်ပန်က စကားပြောရင်း ကောင်းခန်းရောက်ကာမှ ခေတ္တရပ်ပြီး ကွမ်းယာကို စိမ်ပြေနပြေယာနေသည်။ ဝိုင်းစက်တာ စိတ်မရှည်စွာ စောင့်ဆိုင်းနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ ဦးအိုက်ပန်က ကွမ်းယာကို ပါးစောင်ထဲသို့ ဆိုးသွင်းလိုက်ရင်း...

"စိုင်းပီးကလည်း သူလိုချင်တာကို မရ ရအောင် ကြံဖန် ကြိုးစားတတ်တဲ့သူကိုးကွဲ့။ သူကလည်း ကင်မရာကို ဝယ်နိုင်လောက်တဲ့ ပိုက်ဆံရအောင် ရှာတော့ဖွေတော့တာပဲ"

"ဘယ်လိုရှာသလဲ အဘ"

"သူ့ရဲ့ မြလက်စွပ်လေးကို အပေါင်ဆိုင်မှာ ပေါင်ပြီး ရလာတဲ့ ပိုက်ဆံနဲ့ သုံးဆယ့်ခြောက်ကောင် လောင်းကစားဝိုင်းမှာ သွားလောင်းတာပေါ့ကွယ်။ အဲဒီ တုန်းက နယ်ချဲ့ခေတ်ကိုး။ အာဝါဒေးပွဲတွေ၊ လောင်း ကစားဝိုင်းတွေဆိုတာ ခြိမ့်ခြိမ့်သဲပေါ့"

အဘိုးအို၏ မျက်နှာက ငယ်စဉ်ဘဝကို သတိရလာသလိုမျိုး ရွှင်ပျလာ၏။ ဝိုင်းစက်က...

"သွားကစားတော့...နိုင်လား အဘ"

"ဟုတ်ပ။ ကံလိုက်တယ်လို့ပဲ ပြောရမလား မသိပါဘူး မောင်ရယ်။ အဲဒီညက ပွဲခင်းတစ်ခုလုံး လှည့်ပတ်ပြီး ထိုးလိုက်တာ စိုင်းပီးတစ်ယောက် အတော်ကိုနိုင်သကွဲ့။ အဘနဲ့ သူနဲ့ နှစ်ယောက်သား



www.burmeseclassic.com

www.burmeseclassic.com



ပွဲခင်းထဲ လှည့်ပတ်ပြီး စားလိုက် သောက်လိုက် သုံးလိုက် ဖြုန်းလိုက်နဲ့ တပြုံးပြုံးပေါ့”

ဦးအိုက်ပန်က အဟမ်း...အဟမ်းနှင့် လည်ချောင်းရှင်းကာ ကွမ်းဖတ်ကို ထွေးထုတ်လိုက်ပြီး စကားကိုဆက်၏။

“တို့နှစ်ယောက်သား အပေါင်ဆိုင်က စိုင်းပီးရဲ့ မြလက်စွပ်ကို ပြန်ရွေးပြီး မိုးစင်စင်လင်းမှ ပြန်ခဲ့ကြတယ်။ လမ်းခွဲခါနီးမှာ အဘကတောင် စိုင်းပီးကို သတိပေးလိုက်မိသေးတယ်။ ‘ဟေ့ကောင်...စိုင်းပီး၊ မင်းရဲ့ မြလက်စွပ်ကို လုံလုံခြုံခြုံ သိမ်းထားဦး။ ဟိုမျက်နှာဖြူကောင်ကြီး ဒေးဗစ်က အဲဒါကို အသေအလဲ လိုချင်နေတာ’လို့။ စိုင်းပီးကလည်း ‘စိတ်ချပါကွာ၊ ဒီကပြန်တာနဲ့ တစ်နေရာမှာ ငါ သေသေချာချာ မှတ်ထားလိုက်ပါမယ်’လို့တောင် အဘကို ပြန်ပြောသွားသေးတယ်ကွဲ့။ ပြီးတော့ ငါလည်း အိမ်ပြန်ပြီး အိပ်လိုက်တာ တုံးခနဲနေတာပဲ။ အတင်းမရမကနှိုးပြီး ကြိုးတုပ်ဖမ်းတာခံရတော့မှ ပြန်နိုးလာတာ”

“ဟင်...ဘာလို့ အဖမ်းခံရတာလဲ အဘ”

“ဒေးဗစ်ကြီးရဲ့စနက်ပေါ့လကွယ်။ သူက စိုင်းပီး



www.burmeseclassic.com

www.burmeseclassic.com



ဆီက မြလက်စွပ်ကို လိုချင်တာနဲ့ အကွက်ဆင်တာ။ သူ့ကင်မရာကို စိုင်းပီးက ခိုးပြီး ရောင်းစားပါတယ်လို့ စွပ်စွဲပြီး အဘကိုပါ ကြံရာပါအဖြစ်နဲ့ ဖမ်းတာ။ တကတည်းကွယ်…သုံးဆယ့်ခြောက်ကောင်ဝိုင်းကနေ စိုင်းပီးနိုင်လာတဲ့ ပိုက်ဆံတွေကိုလည်း ကင်မရာ ရောင်းလို့ရတဲ့ငွေတွေပါ ဆိုပြီး သိမ်းလို သိမ်းနဲ့၊ တစ်ဖက်သတ်လုပ်တော့တာပဲ"

"ဟာဗျာ… ကျွတ်…ကျွတ်၊ ဒါနဲ့ ကင်မရာ ကကော အဘ"

"ဒေးဗစ်ကြီးက သူ့ဘာသာသူ ဝှက်ထားပြီး အခိုးခံရပါတယ်လို့ အသံကောင်းဟစ်တာကိုးကွဲ့။ ပြီးတော့မှ စိုင်းပီးကို အပေးအယူလုပ်ဖို့ ညှိုဦးတာ။ မြလက်စွပ်ကိုပေးရင် ခိုးမှုကို ရုပ်သိမ်းပေးပါမယ်ပေါ့။ စိုင်းပီးကလည်း သတ္တိကောင်းတယ်…မောင်။ မြလက်စွပ်ဝှက်ထားတဲ့ နေရာကို မပြောဘူး။ ဒေးဗစ်ကြီး ညှိုဦးဆဲသမျှ ရင်ကော့ပြီးခံတာပဲ"

"ယုတ်မာလိုက်တာဗျာ၊ နော်…အဘရယ်"

အဘိုးအိုက ကွမ်းတံတွေးကို ထွီခနဲထွေးလိုက်ရင်း…

"ကိုလိုနီခေတ်တုန်းက အဘတို့နယ်ရွာဘက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ညှဥ်းပန်းနှိပ်စက်တဲ့ နည်းကို မြင်စေချင်တယ် မောင်။ မောင်းထောင်းတဲ့ သစ်သားကျည်ပွေ့ကြီးနဲ့ စိုင်းပီးရဲ့ ရင်ဘတ်ပေါ်တင်ပြီး မောင်းတက်ကို ခြေနဲ့ နင်း...နင်းထောင်းပြီး စစ်ဆေးတာကိုးကွဲ့။ စိုင်းပီး လည်း နောက်ဆုံး အသက်ထွက်ခါနီးဆဲဆဲ မြော့မြော့ ကလေးဖြစ်နေချိန်မှာ 'မြလက်စွပ်ကိုရောင်း ကောင်းမှု ကုသိုလ်လုပ်ပြီး ငါ့အတွက် အမျှအတန်းဝေပေးပါ'လို့ အဘကို လေသံယဲ့ယဲ့နဲ့မှာပြီး ဇက်ကျိုးကျသွားတော့ တာပဲ"

စိုင်းပီး၏ကြမ္မာဆိုးကို ကြားရတော့ ဝိုင်းစက်၏ ရင်ထဲတွင် ဆို့ဆို့နင့်နင့် ဖြစ်လာ၏။ သူက...

"အဘကိုကော မနှိပ်စက်ကြဘူးလား...အဘ"

"စိုင်းပီးကို နှိပ်စက်တာ လက်လွန်သွားမှန်း သိတော့ ငါ့ကို ကြိုးဖြေလွှတ်လိုက်တယ်။ ငါလည်း ပုလိပ်ကိုသွားတိုင်ပါသေးတယ်၊ ဒါပေမယ့် ကိုလိုနီ ခေတ် ဆိုတော့လည်း သူတို့လူမျိုး အင်္ဂလိပ် အချင်း ချင်းကို အကာအကွယ် ပေးတာပေါ့။ ငါ့ကိုတောင် အကြောင်းမရှိ အကြောင်းရှာပြီး လိုက်ဖမ်းလို့ ရွာ ကနေ ထွက်ပြေးခဲ့ရတယ်။ နောက်...ဒီရွာကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ဒေးဗစ်ကြီး ဖျားပြီး သေသွားပြီ ဆိုတဲ့ သတင်း ကြားရတာပဲ။ ငါလည်း ဗိုလ်တဲကြီးထဲကို ဝင်ပြီး စိုင်းပီးအတွက် လက်စွပ်ကို ဝင်ရှာတာ အကြိမ် ပေါင်း မနည်းတော့ဘူး။ ဒါပေမယ့် လက်စွပ်ကို ဘယ်လိုမှ ရှာလို့မတွေ့တော့ဘူး"

ဝိုင်းစက်က ဦးအိုက်ပန်စကားကို သေသေချာချာ စဉ်းစား ကြည့်လိုက်ပြီး...

"အဲဒီလက်စွပ်က အရေးကြီးလို့လား...အဘ"

"အရေးကြီးတာပေါ့ ကောင်လေးရ၊ စိုင်းပီးက သေပြီး မကျွတ်မလွတ် ဖြစ်နေတယ်လို့ လူတွေက ပြောကြတော့ ငါ စိတ်မကောင်းဘူး။ သူ သေခါနီး မှာခဲ့တဲ့အတိုင်း လုပ်မပေးရတာကို တာဝန်မကျေသလို ခံစားရတယ်ကွာ။ ဖြစ်နိုင်ရင် မြလက်စွပ်ကို တွေ့ အောင်ရှာ၊ ရောင်းချထုခွဲပြီး စိုင်းပီးကို ကောင်းရာ မွန်ရာ ဘုံဘဝရောက်အောင် အမျှအတန်းဝေချင်ပါရဲ့ ကွာ"

ဦးအိုက်ပန်က ကွမ်းတံတွေးကို ပျစ်ခနဲထွေးလိုက်ပြီး စကား ဆက်သည်။

"ပြီးတော့လည်း လူတွေပြောကြတာ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ စိုင်းပီးက သူသေရတာ ကင်မရာကြောင့်ပါလို့ စိတ်စွဲပြီး ကင်မရာကို အနှောင့်အယှက်ပေးနေသလိုလို ဘာလိုလို ပြောကြလေရဲ့။ ဟိုမျက်နှာဖြူကောင် သေရတာလည်း သူ့တပည့်တစ်ယောက်က သူ့ခါတ်ပုံကို ဗိုလ်တဲထဲမှာချိတ်ဖို့ ဒေးဗစ်ကြီးကို ဓာတ်ပုံရိုက်တော့ ဓာတ်ပုံထဲမှာ ဒေးဗစ်ကြီး လျှာတစ်လစ်နဲ့ အမောဖောက်နေတဲ့ပုံ ထွက်လာတယ်။ သိပ်မကြာခင်ပဲ အဲဒီမျက်နှာဖြူကောင်လည်း ဓာတ်ပုံထဲကအတိုင်း သေသွားတော့တာပဲ။ တိုက်ဆိုင်တာလည်း ဖြစ်ချင် ဖြစ်မှာပေါ့ကွာ”

စိုင်းစက် ဦးအိုက်ပန်၏စကားကြောင့် ကြက်သီးမွေးညင်းများပင် ထသွားမိသည်။ အတွေးထဲတွင်လည်း ကင်မရာကို ပြန်မြင်ယောင်မိသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

ဝိုင်းစက် ကျောင်းပြန်ရောက်သည့်အချိန်မှာတော့ ငါးနာရီ ထိုးနေပြီ။ ဝိုင်းစက် ကဗျာကာသီပင် **Assignment** ရေးပြီး ဆရာဦးမြင့်ဦးထံ ပြဖို့ သွား၏။

ဆရာဦးမြင့်ဦးက ကျောင်းသားတစ်ယောက်နှင့် ထွက်သွား သည်ဆို၍ ဝိုင်းစက် မတွေ့ရဘဲ ပြန်လှည့်လာခဲ့သည်။

မူလတန်းကျောင်းလေး၏ အလံတိုင်ရှေ့တွင်တော့ မိုးမြင့်၊ ဇော်အောင်နှင့် သွယ်ဖြူစိုးတို့ ရပ်စကားပြောနေသည်ကို တွေ့ လိုက်ရသည်။

ဝိုင်းစက်လာနေသည်ကို တွေ့၍ ထိုသုံးယောက်က နှုတ်မိမ်း ခေါ်လိုက်ကြသည်။ ဝိုင်းစက် အလံတိုင်နားသို့ ရောက်ချိန်မှာ တော့ မိုးမြင့်က...



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်းစက်...ဒီနေ့ Field ဆင်းနေရင်း ဘယ်ပျောက်သွားတာလဲ"

ဝိုင်းစက်က ဦးအိုက်ပန်နှင့် တွေ့လာသည့် အကြောင်း၊ ကင်မရာနဲ့ စိုင်းပီးတို့ အကြောင်းတို့ကို ရှင်းပြလိုက်၏။ ဝိုင်းစက် စကားအဆုံးမှာတော့ သွယ်ဖြူစိုးက...

"ဒါဆို...တို့လမ်းမှာတွေ့ခဲ့ရတဲ့ ခွေးနက်ကြီးက စိုင်းပီးဆိုတဲ့ လူကြီးပေါ့...ဟုတ်လား။ ပြီးတော့ ကင်မရာကြီးကလည်း တကယ်ပဲ သရဲစီးနေတာပေါ့ ဝိုင်းစက်"

ဝိုင်းစက်က သွယ်ဖြူစိုးကို ခေါင်းခါပြလိုက်ရင်း...

"ဒါတွေ ငါ ဘာမှမပြောနိုင်သေးဘူး သွယ်ဖြူစိုး။ ပရလောကဆိုတာ သက်သေပြဖို့ခက်တဲ့ ကိစ္စတစ်ခုပဲ။ ဒါပေမဲ့ ငါကတော့ ဦးအိုက်ပန် စကားအရ စိုင်းပီးရဲ့ မြလက်စွပ်ကို သွားရှာမလို့။ ဒီနေ့ည ဟို အိမ်ကြီးကို တစ်ခေါက်ထပ်သွားဦးမယ်"

ဝိုင်းစက် စကားကြောင့် သွယ်ဖြူစိုးတို့ သုံးယောက်စလုံး မျက်စိပြူးသွားကြကာ မိုးမြင့်က...

"ဟာ... မင်းကလည်း လုပ်ပြန်ပြီ ဝိုင်းစက်။ ဒီလောက် အန္တရာယ်ကြီးပြီး ကြောက်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



နေတာကို မင်းက ထပ်သွားဦးမယ် ဟုတ်လား… ဝိုင်းစက်"

သွယ်ဖြူစိုးကလည်း…

"မသွားပါနဲ့တော့ ဝိုင်းစက်ရယ်။ မတော်လို့ တစ်ခုခုဖြစ်ရင် နင်ပဲ ဒုက္ခရောက်မှာ"

"အေးလေကွာ…ဟုတ်တယ်။ ဝိုင်းစက်ကလည်း မသွားပါနဲ့တော့ကွာ"

ဟု ဇော်အောင်ကလည်း ကြောက်ကြောက်လန့်လန့်နဲ့ ဝင်ပြောလိုက်၏။ ဝိုင်းစက်ကတော့ မည်သို့မှမနေဘဲ…

"ငါကတော့ အဲဒီအိမ်ကြီးကို အရမ်းစိတ်ဝင်စားနေပြီ။ ကဲ… ဒီတစ်ခါကော ဘယ်သူတွေ လိုက်ဦးမလဲ"

ဝိုင်းစက်အမေးကို သွယ်ဖြူစိုးတို့ သုံးဦးစလုံး အမြန်ပင် ခေါင်းခါပြလိုက်၏။ ဝိုင်းစက် အားလုံးကို တစ်ချက်စိုက်ကြည့်ပြီး ဗိုလ်တဲဆီသို့ ထွက်လာခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကင်မရာနှင့် ကြောင်ရုပ်လေးကို အသီးသီး ပစ်ချလိုက်လေသည်။

“ကဲ…သွားကြပေရော့”

ထို့နောက် တစ်ဦးကိုတစ်ဦး ပြုံးပြီး ကြည့်လိုက်ကြသည်။

ဝိုင်းစက်ရော သွယ်ဖြူစိုးပါ ရင်ထဲတွင် ပေါ့သွားသလို ခံစားလိုက်ကြရပြီး တက်ကြွနေသော ခြေလှမ်းများဖြင့် ကျောင်းဆောင်များ ရှိရာသို့ ဆင်းလာခဲ့ကြသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၉ )

ဝိုင်းစက်နှင့် သွယ်ဖြူစိုးတို့ နှစ်ယောက် ကျောင်းမြေကွက်လပ်လေးကို ပြန်အရောက်မှာတော့ ဆရာဦးမြင့်ဦးက တစ်ပတ်အတွင်း Field ဆင်းထားသည့် အကြောင်းအရာတွေကို ဆွေးနွေး ရှင်းလင်း ပြောကြားနေသည်။

ဝိုင်းစက်နှင့် သွယ်ဖြူစိုးတို့ ကပျာကယာပင် ကျောင်းပေါ်သို့ တက်ပြီး စာအုပ်ယူလိုက်ကာ လိုက်ကူးရေးမှတ်နေတော့သည်။

ဆရာဦးမြင့်ဦးက ဘူမိဗေဒ သမိုင်းအစမှသည် ဆုံးသည်အထိ မမောတမ်း စိတ်ရှည်လက်ရှည်နှင့် ရှင်းပြနေသည်။

ဝိုင်းစက် လိုက်မှတ်ရလွန်း၍ လက်တွေညောင်းတောင့်လာပြီး ဆက်မရေးနိုင်တော့။ ကျန်သည့်ကျောင်းသားတွေက လည်း စိတ်ပျက်လက်ပျက်နှင့် အိပ်ငိုက်သူကငိုက်နှင့် ဖြစ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ နေဝင်ခါနီးကျမှ ဆရာဦးမြင့်ဦးက စာသင်သည်ကို ရပ်လိုက်ပြီး...

"ကဲ...ကဲ...ဒီနေ့တော့ အားလုံး ပင်ပန်းသွားကြပြီ။ နားလိုက်ကြဦး။ ဪ...ဒီနေ့ညနေဆို ချို့မြင့်ထွန်း ဆေးရုံက ဆင်းလာတော့မှာ။ ကျောင်းသားအချင်းချင်းပဲ သတင်းလေးဘာလေး သွားမေးကြဦးပေါ့"

ဆရာဦးမြင့်ဦးက ထိုသို့ပြောပြီးသည်နှင့် ထွက်သွားလိုက်၏။ ကျောင်းသားတွေလည်း ခုမှ စိတ်သက်သာရာ ရသွားကြပြီး ညည်းညည်းညူညူဖြင့် ကျောင်းဆောင်များပေါ်သို့ တက်သွားကြလေ၏။

သွယ်ဖြူစိုးက ဝိုင်းစက်ဘေးနားသို့ တိုးကပ်လာလိုက်ပြီး လေသံခပ်တိုးတိုးဖြင့်...

"ဝိုင်းစက်...ချို့မြင့်ထွန်း ဆေးရုံက ဆင်းလာပြီဆိုတော့ နင် သတင်းသွားမေးကြည့်ဦးပေါ့။ လူမှုရေးအရပေါ့ဟာ"

ဝိုင်းစက်က သက်ပြင်းချလိုက်ပြီး...

"သွားကြည့်လို့ ဖြစ်မယ် မထင်ပါဘူးဟာ။ ဒီကောင်က ငါ့ကို စိတ်နာချင် နာနေမှာ။ သူ့ကို့



www.burmeseclassic.com

www.burmeseclassic.com



ဘာသာသုတ်ကို ကင်မရာကို လုပြီး ဓာတ်ပုံ အတင်း ရိုက်ခိုင်းတော့ ငါလည်း ဘာမှမဖြစ်လောက်ဘူးထင်ပြီး ရိုက်ပေးလိုက်တာပါဟာ။ ဒီလိုမျိုး အဖြစ်ဆိုးနဲ့ ကြုံရမယ်မှန်းသိရင် ဘယ်ရိုက်ပါ့မလဲ”

သွယ်ဖြူစိုးက ဝိုင်းစက်လက်မောင်းကို ဖွဖွလေးကိုင်လိုက် ပြီး...

“ငါသိပါတယ် ဝိုင်းစက်ရာ။ နင်လည်း မတော် တဆ ဖြစ်သွားတာပဲ၊ ပြီးတော့ ငါတို့ကို ကြိုဟာ ဝင်မွှေသွားတဲ့ ကင်မရာရော ကြောင်ရုပ်လေးပါ ရှိမှ မရှိတော့ဘဲ”

ဝိုင်းစက်နှင့် သွယ်ဖြူစိုးတို့ အသီးသီး လက်ပြပြီး လမ်းခွဲ လာခဲ့ကြသည်။

* * *

ဒီနေ့ တစ်နေ့ကုန် ဆရာဦးမြင့်ဦး ပြောသည့် အကြောင်း အရာတွေကို ဝိုင်းစက် ရေးမှတ်နေလိုက်သည်။ အချိန် ဘယ် လောက်ကြာသွားသည်မသိ အေးလာမှ အနွေးထည်ဝတ်ဖို့ သတိ ရသည်။

ဝိုင်းစက်က ခရီးဆောင်လက်ဆွဲသေတ္တာကို ဖွင့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...!"

ထိုအာမေဋိတ်အသံနှင့်အတူ ဝိုင်းစက် ပါးစပ်အဟောင်းသားပင် ဖြစ်သွားတော့၏။

'ဘယ်လိုဖြစ်ပြီး ဒီကင်မရာက ပြန်ရောက်လာရတာလဲ'

ငါနဲ့ သွယ်ဖြူစိုး နှစ်ယောက်စလုံး သေသေချာချာ လွှင့်ပစ်ထားခဲ့တာပါ။ သို့ပေမယ့် ကင်မရာကတော့ ဝိုင်းစက်၏ ခရီးဆောင်သေတ္တာထဲတွင် မကောင်းဆိုးဝါး တိရစ္ဆာန်တစ်ကောင်လိုပင် အဝတ်တွေကြားမှ ပုန်းလျှိုးပုန်းကွယ် ကြည့်နေလေသည်။

ဝိုင်းစက်က ထိုမြင်ကွင်းကို ကြက်သေ သေပြီး ကြည့်နေခိုက်မှာပင် သွယ်ဖြူစိုး၏ အသံကို ကြားလိုက်ရလေ၏။

"ဝိုင်းစက်...ဝိုင်းစက်...အမြန်လာပါဦး"

ဝိုင်းစက် သွယ်ဖြူစိုး၏ ထိတ်ထိတ်ပျာပျာအသံကြောင့် စိုးရိမ်တကြီး ပြေးထွက်သွားလိုက်သည်။

အပြင်ဘက်မှာတော့ သွယ်ဖြူစိုးက ကြောင်ရုပ်လေးကို ကိုင်လျက် မျက်စိမျက်နှာပျက်ကာ ရပ်နေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

မနက် အိပ်ရာနိုးသည့် အချိန်မှာတော့ သွယ်ဖြူစိုး၏ ခေါင်းသံကြောင့် အပြင်သို့ ထွက်ခဲ့၏။

သွယ်ဖြူစိုး၏ မျက်နှာက တစ်ရက်အတွင်းမှာပင် သိသိသာသာ အိုစာသွားသည်။ မျက်တွင်းတွေကလည်း ချိုင့်ဝင်နေပြီး ညက ကောင်းကောင်းအိပ်မပျော်မှန်း သိသာနေစေသည်။

အသံတွေ တိုးဖျော့လွန်းစွာနဲ့ပင် ပြောလိုက်သည်။

"ဝိုင်းစက်...ဒီပစ္စည်းတွေက လွှင့်ပစ်တော့လည်း ပြန်ရောက်လာကြတယ်ဆိုတော့ ငါတို့ ဘယ်လိုလုပ်ကြမလဲ"

"ငါလည်း မသိတော့ဘူး သွယ်ဖြူစိုး။ အငွေး ထည်ယူဖို့ သေတ္တာကို ဖွင့်ကြည့်တော့ ကင်မရာကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့တာနဲ့ ငါလည်း ခေါင်းနပန်းကြီးသွားပြီး ဘာ ဆက်လုပ်ရမှန်းကို မသိတော့ဘူး”

ဝိုင်းစက်နှင့် သွယ်ဖြူစိုးတို့ နှစ်ယောက်စလုံး စကားမပြော ကြဘဲ တိတ်ဆိတ်သွား၏။ ဝိုင်းစက် စိတ်ထဲတွင် ဒီကင်မရာကို ဘယ်လိုလုပ်ရမှန်းမသိ ပေါက်ခွဲသာပစ်လိုက်ချင်သည်။

ထိုအတွေးနှင့်အတူ ဝိုင်းစက်လက်ထဲမှ ကင်မရာကို မြှောက် ပြီး အားကုန်ပစ်ပေါက်လိုက်လေသည်။

“ဖျောင်း...”

သို့ပေမယ့် ကင်မရာကတော့ အနည်းငယ်မှ ထိခိုက် မသွားဘဲ ပစ်ပေါက်ရာ မြေကြီးပေါ်မှာတင် ပုံသဏ္ဍာန်မပျက် ရှိနေသည်။

ဝိုင်းစက် ဒေါသပိုထွက်သွားပြီး ကင်မရာကို နောက် တစ်ကြိမ် ပေါက်ခွဲရန် ကောက်ယူလိုက်၏။

ထိုအချိန်မှာပင်...

ကင်မရာကို ဝိုင်းစက်ထက် လက်ဦးအောင် တစ်စုံ တစ် ယောက်က လုယူသွားလေသည်။

ဝိုင်းစက် မော့ကြည့်လိုက်တော့...

ချိုမြင့်ထွန်း...။

ခေါင်းမှာလည်း ပတ်တီးနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ချိုမြင့်ထွန်းက ဝိုင်းစက်ကို နာကြည်းခါးသီးစွာ စိုက်ကြည့်လိုက်ပြီး...

"မင်းကြောင့် ငါ့သူငယ်ချင်း ဇော်ဝင်းမြင့် သေရတာ။ မင်းကိုလည်း ဒီကင်မရာနဲ့ ပြန်ရိုက်မယ်"

"မလုပ်နဲ့...မလုပ်နဲ့...ချိုမြင့်ထွန်း"

သွယ်ဖြူစိုး တားနေရင်းမှပင် ချိုမြင့်ထွန်းက ဝိုင်းစက်ကို ကင်မရာနဲ့ ချိန်ပြီး ရိုက်လိုက်လေတော့သည်။

"ပလပ်"

မော်ဓာတ်ရစ်သံ တိုးတိုးမြည်ရင်း ဓာတ်ပုံလေး တစ်ပုံက ကင်မရာထဲမှ ဖြည်းဖြည်းချင်း ထွက်လာလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းစက်က အလန့်တကြားဖြင့် ချိုမြင့်ထွန်း လက်ထဲမှ ဓာတ်ပုံကို ယူကြည့်လိုက်သည်။

"ဟင်...ဘုရား...ဘုရား..."

ဓာတ်ပုံထဲတွင် သွေးစက်တွေက မြင်မကောင်း ရှုမကောင်း စဉ်ထွက်အိုင်ထွန်းနေ၏။ ထိုသွေးစက်တွေကြားမှာ ဝိုင်းစက်က မတ်တတ်ရပ်နေ၏။ သို့သော် သူ့ခြေထောက်တွေက မြေပြင်နှင့် ထိမနေ။

ခြေထောက်အစုံက မြေကြီးနှင့် တစ်ပေကျော်ကျော် လွတ်နေပြီး လေထဲမှာ ရပ်နေခြင်းဖြစ်၏။ ပြီးတော့... သူ့ခန္ဓာကိုယ်ကလည်း မှန်တစ်ချပ်လို ကြည်လင်ကာ တိုးယိုပေါက် ဖြတ်သန်းမြင်နေရပေသည်။

ငါ သေနေတာများလား?

ဟုတ်ပါတယ်...ငါ သေနေတာပါ။

ဒါ...ဒါ...ငါ့ဝိဉာဉ်ကို ရိုက်ထားတဲ့ ဓာတ်ပုံပေါ့...။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

"ဝိုင်းစက်နဲ့ သွယ်ဖြူစိုး မင်းတို့နှစ်ယောက် ဆရာနဲ့ ပြင်ဦးလွင်ကို လိုက်ခဲ့။ ဟိုမှာ ဇော်ဝင်းမြင့် မိဘတွေ ရောက်လာလို့ နာရေးကိစ္စတွေ သွားစီစဉ်ကြရမှာ။ မင်းတို့နှစ်ယောက် ပါတော့ ဆရာ ကူဖော်လောင်ဖက် ရတာပေါ့"

ဝိုင်းစက်နှင့် သွယ်ဖြူစိုး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ပြီး သက်ပြင်းသာ ချလိုက်မိတော့သည်။

သိပ်မကြာခင်မှာပင် ဆရာဦးသိုက်မြင့်နှင့်အတူ ဂျစ်ကားတစ်စီး ရောက်လာသည်။ ဝိုင်းစက်နှင့် သွယ်ဖြူစိုး ကားပေါ်သို့ တက်လိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဝိုင်းစက်နှင့် သွယ်ဖြူစိုးတို့ နှစ်ဦး ကားပေါ်တွင် တစ်ယောက်ကို တစ်ယောက် စကားမပြောမိကြဘဲ တိတ်ဆိတ် လာခဲ့သည်။

ဝိုင်းစက်က လက်ထဲမှ ကင်မရာကို ငုံ့ကြည့်ရင်း သူ ဘာဖြစ်မလဲ ဆိုသည်ကို သိချင်နေသည်။

ဒီကင်မရာက တကယ်ပဲ ငါ့ကို လူ့ဘဝထဲကနေ ခေါ်ထုတ် သွားမှာလား?

ငါ ဘယ်လိုလုပ်ရမလဲ?

ဝိုင်းစက်၏ အတွေးတွေက မီးခိုးငွေ့တွေလို လွင့်မျော ချင်တိုင်း လွင့်မျောနေကြသည်။

သူ့အိပ်မက်ထဲမှ တိမ်တိုက်တွေလို သူ တစ်ချိန်ချိန်မှာ ပျောက်ကွယ်လွင့်စဥ်သွားရမည်ကို ဝိုင်းစက် စိုးရွံ့နေမိသည်။

ထိုအချိန်မှာပင်...

ကားဒရိုင်ဘာက ဆရာဦးသိုက်မြင့်ကို လှမ်းပြောလိုက်သံကို ကြားလိုက်ရ၏။

"ဒီကွေ့လေးလေဆရာ...ကျွန်တော် လာတုန်း က ကားပျက်တဲ့ နေရာပေါ့။ ဟို...လူတွေ သေထား တဲ့ နေရာဆိုတာ"

ဝိုင်းစက်ရော သွယ်ဖြူစိုးပါ ကားအပြင်ဘက်သို့ ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ သူတို့ ထိုင်ခဲ့သည့် ကျောက်တုံးလေးကို ကြည့်ရင်း နှစ်ယောက်သား ပြုံးမိသွားကြသည်။ ထိုစဉ်…

"ဟ…ဟ…ကားက ဘရိတ်ပေါက်သွားပြီ"

"လုပ်ကြပါဦး…လုပ်ကြပါဦး…"

"အား…"

"ဝုန်း…"

"ဒုန်း…"

ကားက အရှိန်လွန်ပြီး ကွေ့နားလေးမှ ကျောက်ဆောင်ကြီးကို ဝင်တိုက်ကာ မှောက်သွား၏။ အရာရာအားလုံး မှောင်ကျကာ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

ဝိုင်းစက် ကြိုးစားပြီး မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ သူ့တစ်ကိုယ်လုံး သွေးတွေဖြင့် စိုရွှဲနေ၏။ သွယ်ဖြူစိုးကတော့...

သူ့အပေါ်သို့ မှောက်ကျနေသည်။

ဝိုင်းစက် ခန္ဓာကိုယ် တစ်ခုလုံးက အသေကောင်နှင့် မခြား။ မျက်လုံး နှစ်လုံးသာ ပွင့်နေပြီး တစ်ကိုယ်လုံးက လှုပ်ရှား၍ မရတော့။ သွယ်ဖြူစိုးကို ခေါ်ကြည့်လိုက်သည်။ အသံက လည်ချောင်းပြင်ပသို့ ရောက်မလာ။ ဝိုင်းစက် အားငယ်ဝမ်းနည်းသွားပြီး ကူညီမည့်သူ တစ်ယောက်ယောက် ကြားအောင် အာခေါင်ခြစ်ပြီး အော်ငိုပစ်လိုက်ချင်လာသည်။

ထိုအချိန်မှာပင်...

သူ့ခန္ဓာကိုယ်ဆီမှ အေးခနဲဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာပါလိမ့်?

သူလှည့်ကြည့်လိုက်သည်။ သို့ပေမယ့် သူ့လည်တိုင်က တည်ရှိနေလျက်တိုင်းသာ။

တဖြည်းဖြည်းနဲ့ သူ့မြင်ကွင်းထဲကို ဝင်လာသော ပုံရိပ်ကို ကြည့်လိုက်မိသည်။

"ဟင်...!"

ထိုအာမေဋိတ်အသံနှင့်အတူ သူ့ခန္ဓာကိုယ်ထဲမှ ထွက်လာသော သူ့ကိုယ်ပွားတစ်ယောက်ကို တွေ့လိုက်ရသည်။ သူ့ခန္ဓာကိုယ်ကလည်း ခုနထက်စာလျှင် ပေါ့သွားသည်ဟု ထင်လိုက်ရသည်။

သူ့ကိုယ်ပွားက သူ့ကို တစ်ချက် စောင်းကြည့်လိုက်ပြီး အခြားလူတွေထံသို့ ဝိညာဉ်ဆန်ဆန် တိုးရွေ့ လွင့်မျောသွားပြန်သည်။

သစ်ပင်တွေကြားမှ စိမ့်ထွက်လာသည့် နေရောင်ခြည်က သူ့ကိုယ်ပွား ခန္ဓာကိုယ်ကို လင်းတစ်ချက် မလင်းတစ်ချက်နှင့်။

ထိုဝိညာဉ်ဆန်ဆန် သူ့ကိုယ်ပွားက ဘာကိုရှာနေမှန်းမသိ ဟိုဟိုဒီဒီ လျှောက်သွားနေသည်။

ခဏအကြာတွင်...

သူလိုချင်နေသည့် အရာကို တွေ့သွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရာကား...

သွယ်ဖြူစိုး လက်ထဲမှ ကြောင်ရုပ်လေး။

ကိုယ်ပွားက ထိုကြောင်ရုပ်လေးကို အကြာကြီး ငေးစိုက်ကြည့်နေပြီး အသာအယာပင် ထိုကြောင်ရုပ်လေးကို ဆွဲယူလိုက်၏။ နောက်...သူ့မျက်နှာရှေ့တည့်တည့်သို့ လာရောက်ခါယမ်းပြသည်။

ဘာလုပ်နေတာလဲ?

ဝိုင်းစက်က ထိုမြင်ကွင်းကို နားမလည်နိုင်စွာဖြင့် မျက်လုံးပွင့်လျက်သား အနေအထားမှ မြင်နေရသည်။

ဝိညာဉ်ကိုယ်ပွားက ဝိုင်းစက်ကို သေသေချာချာ စိုက်ကြည့်နေရာမှ သူ့ကိုယ်ပေါ်သို့ ဖြုန်းခနဲ ခုန်အုပ်လိုက်ရာ...

"အား..."

ငါတော့ အသက်ရှင်စရာလမ်း မရှိတော့ဘူးဟု သူ တွေးလိုက်သည်။

ထိုအတွေးသည်ပင် သူ့ဘဝ၏ နောက်ဆုံးအတွေး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

ဝိုင်းစက်နားထဲ အသံတွေကို ခပ်တိုးတိုး ကြားနေရသည်။ နောက် သူ့အကြောင်း ပြောဆိုနေသံတွေကို ထပ်ကြားရပြန်သည်။

သူ့မျက်လုံးတွေကို တဖြည်းဖြည်း ဖွင့်ကြည့်လိုက်သည်။ ဘာမှ သဲသဲကွဲကွဲ မမြင်ရ။ ခေါင်းထဲမှလည်း မိုက်ခနဲ ဖြစ်သွားသည်။

ထိုအချိန်မှာပင်...

"ပြန်သတိရလာပြီလား မသိဘူး၊ နှုတ်ခမ်းတွေ လှုပ်လာသလားလို့"

"အေး...သေသေချာချာ ကြည့်ကြပါဟ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံတွေကို ဝိုင်းစက် အတိုင်းသား ကြားနေရသည်။ ဝိုင်းစက် မျက်လုံးကို နောက်တစ်ကြိမ် ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်သည်။

ဒီတစ်ကြိမ်တွင်တော့ သူ့အပေါ်မှ အုပ်မိုးကြည့်နေသော မျက်နှာကို တွေ့လိုက်ရသည်။

"ငါ ဘယ်ရောက်နေတာလဲ၊ ငါ သေသွားခဲ့ပြီလား၊ အသက်ရှင်နေဆဲပဲလား"

ထိုအတွေးကြောင့် ဝိုင်းစက်က အနီးဆုံးမှာ ရှိနေသူတစ်ယောက်၏ လက်ကို လှမ်းဆွဲလိုက်သည်။ ထိုလက်ကလည်း ဝိုင်းစက်၏လက်ကို ပြန်ကိုင်လိုက်လေသည်။ ထိုအထိအတွေ့ကြောင့် နွေးခနဲဖြစ်သွားပြီး သူ မသေသေးမှန်း ဝိုင်းစက် သိလိုက်ရလေသည်။

ရုတ်တရက် ကြောင်ရုပ်လေးကို သတိရသွားပြီး အားယူကာ ပြောလိုက်သည်။

"ကျွန်တော့်ကို ကြောင်ရုပ်လေး ယူပေးပါ"

"ဘယ်က ကြောင်ရုပ်လဲ"

"သွယ်ဖြူစိုးဆီက…"

ဆရာဝန်နှင့် သူနာပြုတွေက တစ်ဦးကိုတစ်ဦး အကြည့်ဖြင့် မေးမြန်း စူးစမ်းနေကြပုံရ၏။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ အတူတူပါလာတဲ့ ကောင်မလေးဆီက ကြောင်ရုပ်လေးကို ပြောတာလားမသိဘူး"

ဟု တစ်စုံတစ်ယောက် ပြောလိုက်သံကို ကြားရ၏။

ခဏနေတော့ ဆေးရုံခုတင်ပေါ် ပက်လက်လှဲနေရသော သူ့ရင်ဘတ်ပေါ်သို့ ကြောင်ရုပ်လေး ရောက်လာသည်။

ဝိုင်းစက်က လက်ထဲမှ ကြောင်ရုပ်ကို ကြည့်ရင်း စဉ်းစားလိုက်သည်။

ဘာလို့ ဒီကြောင်ရုပ်ကို လှုပ်ပြတာလဲ?

ရုတ်တရက် သူ အတွေးတစ်ခုကို ရလိုက်၏။

အရုပ်ကို ခါယမ်းကြည့်လိုက်သည်။

'ဂလောက်...ဂလောက်'ဟူသော အသံက ကြောင်ရုပ် အတွင်းမှ ထွက်ပေါ်လာလေသည်။ ဝိုင်းစက်က နှုတ်ခမ်းကို တင်းတင်းကိုက်ရင်း ကြောင်ရုပ်လေးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်လေသည်။

"ခွမ်း..."

"ဒေါက်...ဒေါက်..."

ကြမ်းပြင်ပေါ်တွင်တော့ ကြောင်ရုပ်အကွဲအစတွေနှင့်...။

အစိမ်းရောင် မြလက်စွပ်လေးတစ်ကွင်း...။

■



www.burmeseclassic.com

www.burmeseclassic.com

( နိဂုံး )

သချိုင်းစောင့် အဘိုးအို ဦးအိုက်ပန်က ဝိုင်းစက်ကိုဟာစ်လှည့်၊ သူ့ရှေ့တွင် ချထားသော မြလက်စွပ်လေးကို တစ်လှည့် ကြည့်နေ၏။

အတော်ကြာသည်အထိ ဘာမှမပြောဘဲ ငြိမ်သက် တိတ်ဆိတ်နေသည်။

ပြီးမှ သူ့လက်ထဲမှ ဆေးပြင်းလိပ်တိုကို တစ်ချက်ဖွာရှိုက်လိုက်ပြီး…

"ဒီလက်စွပ်လေးကို မင်း ဘယ်လိုလုပ်ချင်သလဲ"

"ဗျာ…ကျွန်တော်က ဘာလုပ်ရမှာလဲ"

ဝိုင်းစက်က အဘိုးအို၏ မျက်နှာကို နားမလည်နိုင်စွာဖြင့် အကဲခတ်လိုက်သည်။ ပြီးမှ ဆက်၍…



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီလက်စွပ်ကို အဘဆီမှာပဲ ထားခဲ့မယ်လေ။ အဘ ကြိုက်သလိုလုပ်ပေါ့"

"မင်းက ဒီလက်စွပ်ကို မလိုချင်ဘူးလား... ကောင်လေး"

"ဟာ...ဘာလုပ်ဖို့လဲ၊ မလိုချင်ပါဘူး၊ ကျွန်တော်က မနက်ဖြန် ရန်ကုန်ပြန်ရတော့မှာ။ အဘပဲ စိုင်းပီးအတွက် ကောင်းမှုကုသိုလ် တစ်ခုခု လုပ်ချင်တယ်ဆို။ လုပ်ပေါ့...အဲဒါကြောင့် ဒီလက်စွပ်ကို တမင်လာပေးတာ။ ရော့..."

အဘိုးအိုက ခေါင်းတညိတ်ညိတ်ဖြင့် လက်စွပ်ကို လှမ်းယူရင်း...

"အင်း...အင်း...မင်းကတော့ လွတ်မြောက်သွားပြီပေါ့...ကောင်လေး"

"ဗျာ...ဘာလွတ်မြောက်တာလဲ"

ဝိုင်းစက်က တအံ့တဩ ပြန်မေးလိုက်သည်။ အဘိုးအိုက ပြန်မဖြေ။ သူ့လက်ဖဝါးပေါ် တင်ထားသော မြလက်စွပ်ကိုသာ တစိမ့်စိမ့် စိုက်ကြည့်နေ၏။

အတော်ကြာမှ အဘိုးအိုက...

"လိုချင်တပ်မက်မှု မရှိတဲ့သူဟာ လွတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ကွယ်။ အဲဒါကို ဆိုလိုတာပါ။ မင်းက မလိုချင်တော့ လွတ်မြောက်တာပေါ့။ လိုချင်တပ်မက်သူတွေကတော့... အင်း... သံသရာရှည်ကြတာပေါ့ ကောင်လေးရယ်"

"မစ္စတာဒေးဗစ်နဲ့ စိုင်းပီးတို့ကို ဆိုလိုတာလား ...အဘ"

အဘိုးအိုက ချောင်းတဟွတ်ဟွတ်ဆိုးလိုက်ပြီး...

"အားလုံးကို ဆိုလိုတာပေါ့ကွာ။ အဲဒီထဲမှာ ငါလည်း ပါတာပေါ့"

"ဗျာ...အဘလည်း ပါတယ်၊ ဟုတ်လား"

"အဟင်း...ဟင်း၊ ဟုတ်တာပေါ့ ကောင်လေး။ တကယ်ဆို ငါဟာ ဒီလက်စွပ်အတွက်ကြောင့်သာ မဟုတ်ရင် တခြားလွတ်ရာလွတ်ကြောင်း တစ်နေရာရာမှာ အေးအေးချမ်းချမ်း ရှိနေသင့်တာပေါ့။ အခုတော့ ဒီလက်စွပ်အတွက်နဲ့ ဟောဒီနေရာက ခွဲမရ ခွာမရ ဖြစ်နေတာကိုး"

"ဗျာ..."

အဘိုးအို ပြောနေသည့် စကားလုံးတွေက တစ်မျိုးကြီး ဖြစ်နေသဖြင့် ဗိုင်းစက် ရင်ထဲမှ စိမ့်ပြီး ကြောက်လာ၏။ သူက



www.burmeseclassic.com

www.burmeseclassic.com



အသံတုန်တုန်ယင်ယင်ဖြင့်...

"အဘ...ဒီပစ္စည်းကို စိုင်းပီးအတွက် ကုသိုလ်လုပ်ပေးမှာတော့ သေချာပါတယ်နော်"

"စိတ်ချ ကောင်လေး၊ ငါလည်း မင်းလိုပဲ လွတ်မြောက်ချင်တဲ့လူပါကွာ။ အဟွတ်...အဟွတ်..."

ပြောရင်းနှင့် အဘိုးအိုက ချောင်းဆိုးနေပြီး နောက်မှဆက်၍...

"တစ်ခုခုကို စွဲလမ်းတပ်မက်ရင်း ကွယ်လွန်သွားတဲ့သူတွေဆိုရင် သရဲဖြစ်နေတယ်၊ မကျွတ်မလွတ်ဘူး ဘာညာနဲ့ ဟုတ်ဟုတ် မဟုတ်ဟုတ် ပြောလေ့ရှိကြတယ်။

မကွယ်လွန်ဘဲနဲ့ တစ်ခုခုကို စွဲလမ်းတပ်မက်ရင်း အသက်ရှင်နေတဲ့သူတွေကိုကျတော့ ဘယ်လိုပြောကြမလဲ။ မသေဘဲနဲ့ သရဲဖြစ်နေတယ်လို့ ပြောရမလား"

အဘိုးအို၏ စကားကြောင့် ဝိုင်းစက် တွေဝေသွား၏။ ဘာပြန်ပြောရမည်မှန်း မသိ။

သူ ထပြန်ဖို့ ပြင်လိုက်စဉ်မှာပင် အဘိုးအိုက လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သရဲဆိုတာ တကယ်ရှိတယ်ကွ၊ သိလား။ လောကကြီးမှာ လူမပီမသနဲ့ စွဲလမ်းတပ်မက်စိတ်တွေ လွန်ကဲပြီး သူများကို ခြောက်လှန့် အနိုင်ကျင့်နေတဲ့ လူတွေဟာ သက်ရှိသရဲတွေပေါ့ကွာ"

သချိုင်းစောင့် အဘိုးအိုကို သူ ကျော်ခိုင်းပြီး ထွက်လာခဲ့သည်။ အရာရာအားလုံး နောက်မှာ ကျန်ရစ်ခဲ့ပါစေတော့။

သူ...အတွေးကိုပါ ထားရစ်ခဲ့လေသည်။

❋ ❋ ❋

တောင်ကုန်းမြင့်ကလေးအတိုင်း ဖြည်းဖြည်းမှန်မှန်ဖြင့် တက်လာခဲ့သည်။ ကုန်းမြင့်ထိပ်ကို ရောက်သောအခါ သူလာခဲ့ရာ လမ်းကို နောက်ပြန်လှည့်ကြည့်လိုက်၏။

BURMESE CLASSIC

သချိုင်းကုန်းကို မှုန်မှုန်ပျပျသာ ဝိုးတဝါး မြင်ရတော့သည်။ သည်ကုန်းမြင့်ကနေ ဆင်းပြီး ဟိုဘက်က ရွာဆီသွားတဲ့ လမ်းပေါ် ရောက်ရင် သချိုင်းကို မြင်ရတော့မှာ မဟုတ်ဘူးဟု သူ တွေးလိုက်၏။

ပြီးလျှင်...ဆည်းဆာချိန်ရင့်ပြီး အမှောင်ထု အုပ်ဆိုင်းလာတော့မည်။

ဘာကိုမှ မြင်ရတော့မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ အိပ်မက်အဟောင်းတစ်ခုလို ပြီးဆုံးမေ့ပျောက်သွားရတာပဲလေဟု သူ တီးတိုးရေရွတ်လိုက်၏။

ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက် တောင်ကုန်းလေးပေါ်မှ သူဆင်းလာခဲ့တော့သည်။

ဒီအိပ်မက်ကို သူ ဆက်မမက်ရဲတော့ချေ။ ။

သတိုးဝေ

BURMESE CLASSIC



www.burmeseclassic.com